ရောင်းမှော်

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ သောကြာနေ့ (22-11-2013) (၇၆၇၂)

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၅၀/၂၀၁၃)

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)

ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉)တို့ပါ ပြဋ္ဌာန်းချက်များအရ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေးအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြင်သစ်-မြန်မာ သံတမန်ဆက်ဆံရေး(၆၅)နှစ်ပြည့်အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် နိုဝင်ဘာ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် ပြင်သစ်-မြန်မာ သံတမန်ဆက်ဆံရေး(၆၅)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်း၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံရုံးနှင့် ပြင်သစ်နိုင်ငံမှ ကလိုရို့ဂီတအဖွဲ့(Le Khloros Concert) တို့ ဖူးပေါင်းတင်ဆက်သည့် အိပ်မက်အစီအစဉ် ၂၀၁၃ (Fondamentus Concert Dream Event 2013)တေးဂီတဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ဇနီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် ဦးသန့်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် တေးဂီတဖျော်ဖြေပွဲ ကျင်းပရာ အမျိုးသားဇာတ်ရုံသို့ ည ၇ နာရီ ၁၀ မိနစ်တွင် ရောက်ရှိလာကြရာ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E.Mr. Thierry MATHOU နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။**(ယာပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

မုန်တိုင်းသတင်း

နေပြည်တော် နိုဝင်ဘာ ၂၁

ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသည့် အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဟဲလန်" (Helen)သည် အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အနောက်တောင်ဘက် ၁၁၅ မိုင်ခန့်၊ မာချီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၁၀၀ ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ၆၁၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွှေ့လျားပြီး နောက် ၃၆ နာရီအတွင်း အိန္ဒိယနိုင်ငံ မာချီလီပတ္တနမ်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံသို့ ဦးတည်ရွှေ့လျားမည့်အခြေအနေမရှိဟု သတ်မှတ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး၊ ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်မှ ရှောင်ရှားရန် လိုအပ်ကြောင်း အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှသိရသည်။

(ကြေးမုံ)

ရန်ကုန်-ပုဂံ-ရန်ကုန်ခရီးစဉ်မှ ရန်ကုန်-ပုဂံ-ပခုက္ကူ-ရန်ကုန်ခရီးစဉ်အဖြစ် တိုးချဲ့ပြေးဆွဲမည်

နေပြည်တော် နိုဝင်ဘာ ၂၁

ရန်ကုန်-ပုဂံခရီးစဉ်အဖြစ် ပြေးဆွဲလျက်ရှိသည့် အမှတ်(၆၁)အဆန်၊(၆၂)အစုန်အမြန်ရထားကို ဒေသခံများ၏ တောင်းဆိုချက်အရ နိုဝင်ဘာ ၂၄ ရက်မှစတင်၍ ရန်ကုန်-ပုဂံ-ပခုက္ကူ ခရီးစဉ်အဖြစ် တိုးချဲ့၍ နေ့စဉ်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

အမှတ်(၆၁)အဆန်ရထားသည် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီတွင် စတင်ထွက်ခွာပြီး ပုဂံဘူတာသို့ နောက်တစ်နေ့ နံနက် ၉ နာရီခွဲ တွင် ရောက်ရှိကာ နံနက် ၉ နာရီ မိနစ် ၄၀ တွင် ဆက်လက်ထွက်ခွာ၍ ပခုက္ကူဘူတာသို့ နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ အမှတ်(၆၂)အစုန်ရထားသည် ပခုက္ကူဘူတာမှ ညနေ ၃ နာရီ မိနစ် ၂၀ တွင် စတင်ထွက်ခွာပြီး ပုဂံဘူတာသို့ ညနေ ၄ နာရီ မိနစ် ၅၀ တွင် ရောက်ရှိကာ ညနေ ၅ နာရီတွင်ဆက်လက်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ နောက်တစ်နေ့ နံနက် ၁၀ နာရီခွဲတွင်ရောက်ရှိမည်ဖြစ်သည်။

အဆိုပါရထားသည် လက်ရှိရန်ကုန်-ပုဂံခရီးစဉ်အတွင်း လမ်းခရီးတွင် ၁၅ ဘူတာရပ်တန့်ပေးလျက်ရှိပြီး ပုဂံနှင့် ပခုက္ကူဘူတာကြားတွင် ထင်းတန်းလမ်းဘူတာနှင့် ပခုက္ကူတက္ကသိုလ်ဘူတာတို့၌ ထပ်မံရပ်တန့်ပေးမည်ဖြစ်သည်။

ရန်ကုန်မှ ပခုက္ကူသို့ ရိုးရိုးတန်းလက်မှတ်ခ ငွေကျပ် ၄၈၀၀၊ ဒုတိယတန်းလက်မှတ်ခ ငွေကျပ် ၆၄၀၀၊

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❍



ကြေးမုံစာတည်းရှေ့ ၂၂-၁၁-၂၀၁၃ [သောကြာနေ့]

အဆောင်သူ အဆောင်သား

တက္ကသိုလ်၊ ကောလိပ် ကျောင်းသား ကျောင်းသူများအတွက် အဆောင်သည် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ မြို့တွင်းကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးအတွက် ကျောင်းအဆောင်မလိုအပ်သော်လည်း မြို့ပြင်ဝေးလံသော ဒေသများမှ ကျောင်းသား ကျောင်းသူများအတွက် အဆောင်ရှိရန် အမှန်လိုအပ်ပေသည်။

တက္ကသိုလ်၊ ကောလိပ်များ စတင်တည်ထောင်စဉ်အခါကတည်းက ထိုကျောင်းများတွင် အဆောင်များရှိခဲ့ပြီးဖြစ်ရာ အဝေးအရပ်မှ လာရောက်ပညာသင်ကြားကြသော အဆောင်နေ ကျောင်းသား ကျောင်းသူများ၏ ဘဝမှာ အဆင်ပြေပျော်ရွှင်ဖွယ်ရာ ကောင်းလှသည်။ ကိုလိုနီခေတ်က ရန်ကုန်တက္ကသိုလ်ဆောင်များတွင်နေခဲ့ကြသော အမျိုးသားခေါင်းဆောင်ကြီးများ၊ ရှေးလူကြီးသူမများ၏ အဆောင်နေကျောင်းသားဘဝ၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း အဆောင်သူ၊ အဆောင်သားအလွမ်းပြေဘဝများ၊ လွမ်းမောဖွယ်ရာ တက္ကသိုလ်အဆောင်နေဘဝများမှာ ကြုံဆုံသိမီလိုက်သူများအဖို့ မမေ့နိုင်ဖွယ်ရာမှတ်တိုင်များဖြစ်သည်။

ယင်းနောက် တက္ကသိုလ်အဆောင်စနစ်ကို ဖျက်သိမ်းလိုက်ပြီးနောက်ပိုင်း၌ နယ်အဝေး ကျောင်းသား ကျောင်းသူများ အဆင့်မြင့်ပညာသင်ယူကြသောအခါ ထိုကျောင်းများရှိရာ အနီးဝန်းကျင်ရှိ ပုဂ္ဂလိက ဘော်ဒါဆောင်များတွင် ရသလို၊ သင့်သလို စရိတ်ကြီးမြင့်စွာဖြင့် နေထိုင်ခဲ့ကြရသည်။ ထိုအခါ စာရိတ္တ၊ ကျောင်းသားဘဝနှင့်တကွ ပညာသင်ကြားရေးအတွက်ပါ အခက်အခဲများစွာ ကြုံတွေ့ခဲ့ကြရသည်။

ယခု ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၏ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ပထမပတ်တွင် စတင်ဖွင့်လှစ်မည့် သင်တန်းအသီးသီးသို့ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအနက် ပထမနှစ်တက်ရောက်မည့် စည်ပင်သာယာနယ်နိမိတ်ပြင်ပမှ လာရောက်ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူအသစ်များအား ဦးစားပေး၍ အဆောင်နေခွင့်ပြုရန် စီစဉ်လျက်ရှိကြောင်း သိရှိရသဖြင့် တက္ကသိုလ်၊ ကောလိပ် ကျောင်းသား ကျောင်းသူအသစ်များအတွက်ရော မိဘများအတွက်ပါ များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။

ဦးစွာထားရှိမည့်ကျောင်းများမှာ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ မြစ်ကြီးနား တက္ကသိုလ် တို့တွင် အတန်းအားလုံး၏ ကျောင်းသား ကျောင်းသူများအား အဆောင်ထားမည်ဖြစ်ပြီး ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အချို့တွင် ပထမနှစ် ကျောင်းသား ကျောင်းသူများကိုသာ ဦးစားပေးအဆောင်ထားမည်ဟု သိရသည်။

ထိုကျောင်းများတွင် ရှိပြီးအဆောင်များကို ပြုပြင်ပြီး အဆောင်နေ ကျောင်းသားများကို လက်ခံသွားမည်ဖြစ်ကြောင်း၊ အဆောင်မရှိသေးသော ကျောင်းများအတွက် အဆောင်သစ်များ ဆောက်လုပ်ပေးပြီး နေရေးထိုင်ရေး၊ စားသောက်ရေးမှအစ လိုအပ်သည်များကို ဆောင်ရွက်နေပြီဖြစ်ရာ အနာဂတ်ကာလ ကျောင်းသား ကျောင်းသူများအတွက် ဝမ်းမြောက်ဖွယ်ဖြစ်သည်။

ထိုသို့ ခေတ်စနစ်ပြောင်းလဲလာမှုနှင့်အညီ ပညာရေးစနစ်များကိုလည်း ကျောင်းသား ကျောင်းသူများနှင့် လိုက်လျောညီထွေရှိစွာ ပြုပြင်ပြောင်းလဲပေးလျက်ရှိရာ ထိုအဆောင်နေကိစ္စရပ်များမှာ မဖြစ်မနေလုပ်ဆောင်ရမည့်ကိစ္စဖြစ်သည့်အပြင် ကျောင်းသား ကျောင်းသူများ၏ အကျိုးစီးပွားအတွက်လည်းဖြစ်ပေသည်။

ထို့ကြောင့် အဆောင်နေမည့် ကျောင်းသား ကျောင်းသူများကလည်း အဆောင်စည်းကမ်းများကို တိကျစွာလိုက်နာ၍ နေထိုင်ကြပြီး ကျောင်းနေပျော်ပြီး ပညာတော်သော ကျောင်းသား ကျောင်းသူများဖြစ်အောင်၊ အနာဂတ်အတွက် နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

ပြည်သူများပူးပေါင်းပါဝင်ရေး နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၁

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လူထုအသိပညာပေးရေး သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ကျော်ဝင်းနှင့် ဦးဝင်းမြင့်၊ တာဝန်ရှိသူများ၊ သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ ဌာနေကိုယ်စားလှယ် Ms.Janet E.Jackson နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ UNFPA မှ ဌာနေကိုယ်စားလှယ် Ms.Janet E.Jackson နှင့် လူထုအသိပညာပေးရေးပညာရှင် Mr.David Madden တို့က သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်များအား ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရေးအတွက် လူထုအသိပညာပေးရေး၊ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အခြေအနေများ၊ ဖြည့်စွက်ဆောင်ရွက်သင့်သည့်အချက်များကို ရှင်းလင်းဆွေးနွေးအကြံပြုတင်ပြကြသည်။

ထို့နောက် သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီဝင် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ညိုက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များအပေါ် ပြည်သူများ သိရှိစေရေးအတွက် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ UNFPA မှ ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးခင်ရီက လူထုအသိပညာပေးရေးအတွက် အကြံပြုဆွေးနွေးမှုများသည် ပြည့်စုံ ကောင်းမွန်ပါကြောင်းနှင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကာလ နည်းပါးလာသည်နှင့် အမျှ ပြည်သူလူထုအတွင်း သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများ သိရှိနားလည် သဘောပေါက်စေရန် အင်တိုက်အားတိုက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဌာန အနေဖြင့်လည်း သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်းဆိုင်ရာ မေးမြန်းမှုများအပေါ် သိရှိနားလည်ပြီး မှန်မှန်ကန်ကန်ဖြေကြားနိုင်ရေးနှင့် လုပ်ငန်းစဉ်များအပေါ်လိုက်ပါ ပူးပေါင်းဆောင်ရွက်ရေးသည် အဓိကကျပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်စိမ့်ဝင်ပျံ့နှံ့စေရေး၊ နားလည်သဘောပေါက်စေရေးအတွက် လူထုအသိပညာပေးရေး သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

	ရန်ကုန်	နိုဝင်ဘာ	၂၁
ရန်ကုန်	ရွှေဈေး	၆၆၇၄၀၀	- ၆၆၈၄၀၀
မန္တလေး	ရွှေဈေး	၆၆၇၄၀၀	- ၆၆၈၄၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၁၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၉၇၄. ၀၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၃၀၇. ၃
(ဂ)	တရုတ်	တစ်ယွမ်	=	၁၅၉. ၈၆
(ဃ)	ထိုင်း	တစ်ဘတ်	=	၃၀. ၆၅၃
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၀၄. ၇၆
(စ)	အိန္ဒိယ	တစ်ရူပီး	=	၁၅. ၅၆၄
(ဆ)	ဂျပန်	တစ်ရာယန်း	=	၉၆၉. ၆၄
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၁. ၇၈၃
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၉၀၈. ၀၃
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၇၈၀. ၇၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်သူလူထု၏ အမှန်တကယ်လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် စိစစ်ဆောင်ရွက်ပေး

နေပြည်တော် နိုဝင်ဘာ ၂၁

ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ ဒေသခံရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေစနစ်တကျ သုံးစွဲရေး၊ အလေအလွင့်မရှိစေရေးနှင့် လုပ်ငန်းပြီးစီးပါက တင်ပြအစီရင်ခံရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ အခမ်းအနားအစီအစဉ်အရ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားသည်။**(ယာဝုံ)**

ထို့နောက် ဇေယျာသီရိမြို့နယ်ရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့များက ရပ်ကွက်၊ ကျေးရွာများအလိုက် ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့်ဆောင်ရွက်လိုသည့်လုပ်ငန်းများကို တင်ပြကြရာ မြို့နယ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် စီမံချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များက တိုက်ရိုက်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ကို ခွင့်ပြုပေးထားသော ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများ စနစ်တကျသုံးစွဲနိုင်ရေးနှင့် ဒေသအတွင်း အဓိကလိုအပ်ချက်ဖြစ်သော သောက်သုံးရေရရှိရေးလုပ်ငန်းများ၊ ကျေးလက်လမ်းများ၊ တံတားများ ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ပညာရေးဆိုင်ရာအဆောက်အအုံ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ၊ မြို့နယ်ကျန်းမာရေးဆိုင်ရာ အဆောက်အအုံပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ၊ မြို့နယ်အတွင်း ပြည်သူလူထု၏ အမှန်တကယ်လိုအပ်ချက်ဖြစ်သော အခြားလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်စိစစ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးတို့သည် မြန်မာနိုင်ငံတော် သံစုံတီးဝိုင်းနှင့် ပြင်သစ်နိုင်ငံမှ ကလိုရို့ဂီတအဖွဲ့(Le Khloros Concert)တို့၏ ဖျော်ဖြေတင်ဆက်မှုများ၊ ဂီတစာဆို တီးဝိုင်းခေါင်းဆောင် Odile PERCEAU က Handel and Bach တို့၏ ကျော်ကြားလှသော ဂီတများနှင့် သူမကိုယ်တိုင် ဖွဲ့သီထားသော ဂီတသစ်များ အပါအဝင် အိပ်မက်အစီအစဉ်- ၂၀၁၃ (Fondamentus Concert Dream Event 2013)တေးဂီတ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

တေးဂီတဖျော်ဖြေပွဲအပြီးတွင် ဒုတိယသမ္မတနှင့် ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းစည်းများ ပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အိပ်မက်အစီအစဉ်- ၂၀၁၃ (Fondamentus Concert Dream Event 2013)တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၃ ရက် ညနေ ၆ နာရီခွဲတွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ABC International တို့အကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး

ရန်ကုန် နိုဝင်ဘာ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) နှင့် ဩစတြေးလျှသတင်းဌာန Australian Broadcasting Corporation-ABC International တို့အကြား ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေနှင့် ABC International မှ CEO Ms. Lynley Marshall တို့က အမှာစကားပြောကြားကြပြီး သဘောတူစာချွန်လွှာကို ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေနှင့် ABC International မှ CEO တို့က လက်မှတ်ရေးထိုး**(အပေါ်ပုံ)**ကြကာ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြသည်။

လက်မှတ်ရေးထိုးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျှနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အထောက်အကူပြုကော်မတီများနှင့် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၂၁

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းစဉ်(၈)ရပ်ပါ မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအား အဓိကတာဝန်ယူ၍ အထောက်အကူပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းစဉ်(၈)ရပ်နှင့် သက်ဆိုင်သည့် စာရင်းဇယား၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်စွာ ကောက်ယူရရှိရေးအတွက် စာရင်းအင်းဆိုင်ရာ အထောက်အကူပြုကော်မတီတစ်ခုကိုလည်း ထည့်သွင်းဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းစဉ်(၈)ရပ် အထောက်အကူပြု ဝန်ကြီးဌာနများ အနေဖြင့် အစီရင်ခံစာများ ပြုစုရာတွင် ကျန်ရှိသည့် လပေါင်း ၂၈ လ အတွက် အဓိကဦးတည်ဆောင်ရွက်နေသော ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များအပေါ် အကဲဖြတ်သုံးသပ်နိုင်သည့် ကိန်းဂဏန်းအချက်အလက်ဖော်ပြချက်မျိုး ပြုစုပေးမှသာ အစီရင်ခံစာအပေါ် သုံးသပ်၍ အဓိကလိုအပ်နေသည့် အပိုင်းများအား ဖော်ထုတ်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ လတ်တလော ရေးဆွဲလျက်ရှိသည့် အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်တွင် ယခင်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်(၈)ရပ်အပြင် ဒုတိယသမ္မတများ ဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံချက်နှင့် ကျေးလက်ဒေသ လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေး စီမံချက်များကိုလည်း စုစည်းပေါင်းစပ် ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အထောက်အကူပြုကော်မတီများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးခင်မောင်အေးက Delivery Unit တစ်ခုဖြစ်သည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာဆပ်ကော်မတီက မြေပြင်ကွင်းဆင်းရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကိုသာ အများစု တင်ပြကြပါကြောင်း၊ ထို့အတွက် Delivery Unit များ အနေဖြင့် လုပ်ငန်းစဉ်(၈)ရပ် အကောင်အထည်ဖော်ရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး မျှော်မှန်းချက်မြင့်မြင့်မားမားထားရှိ၍ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးတင်ငွေက လုပ်ငန်းစဉ်(၈)ရပ် အထောက်အကူပြုဝန်ကြီးဌာနများ၏ အစီရင်ခံစာများအတွက် Format တစ်ပြေးညီတူညီစေရေး ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ကွင်းဆင်းဆောင်ရွက်ရာတွင် အချို့အချက်အလက်များသည် မြေပြင်နှင့် ကွဲလွဲနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့အတွက် လုပ်ငန်းစဉ်(၈)ရပ် အထောက်အကူပြုကော်မတီများက ညှိညှိနှိုင်းနှိုင်းဖြင့် မှန်ကန်၍ ထင်သာမြင်သာရှိသော အချက်အလက်များ စုစည်းရရှိရေးပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ အဓိကအားဖြင့် Delivery Unit သည် လက်တွေ့မြေပြင်တွင် လ ၃၀ ဆောင်ရွက်ရမည့် အဓိကဦးစားပေးလုပ်ငန်းကြီး (၇) ရပ် အား Plan, Budget နှင့် ကိုက်ညီမှုရှိ၊ မရှိ ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် မြေပြင်လိုအပ်ချက်များအပေါ် စောင့်ကြည့်အကဲဖြတ်မှု (Monitoring)ပြုလုပ်သွားရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းစဉ်(၈)ရပ် အထောက်အကူပြုဝန်ကြီးဌာနများက မိမိတို့ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ ရန်ကုန်-ပုဂံမှ

အထက်တန်း (ထိုင်ခုံ)ငွေကျပ် ၁၂၇၀၀ နှင့် အထက်တန်း (အိပ်စင်/အထူး)ငွေကျပ် ၁၇၅၀၀ ဖြစ်ကြောင်းနှင့် ခရီးစဉ်အလိုက် လက်မှတ်ခနှုန်းထားနှင့် အချိန်စာရင်းအသေးစိတ်ကို မြန်မာ့မီးရထားဘူတာရုံများတွင် ကြေညာထားရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

(ကြေးမုံ)

အမေရိကန် ကိုရီးယားစစ်ပြန်တစ်ဦး မြောက်ကိုရီးယား၌ အဖမ်းခံရ

ပါဆာဒီးနာ(အမေရိကန်)
နိုဝင်ဘာ ၂၁

မြောက်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်လက အသက်(၈၅)နှစ်ရှိ ကိုရီးယားစစ်ပြန် အမေရိကန်တစ်ဦး ထိန်းသိမ်းခြင်းခံခဲ့ရကြောင်း၊ ယင်းနိုင်ငံမှ လေယာဉ်ထွက်ခွာနီးဆဲဆဲတွင် ခေါ်ဆောင်သွားခြင်း ဖြစ်ကြောင်း အဆိုပါစစ်ပြန်၏ သားဖြစ်သူက ဗုဒ္ဓဟူးနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အောက်တိုဘာ ၂၆ ရက်တွင် ထွက်ခွာတော့မည့် လေယာဉ်ပေါ်သို့ ယူနီဖောင်းဝတ် မြောက်ကိုရီးယား အရာရှိတစ်ဦး တက်ရောက်လာပြီး ကယ်လီဖိုးနီးယားပြည်နယ် ပါလိုအဲလ်တိုနေမာရီးလ်နယူးမင်းကို နိုင်ငံကူးလက်မှတ်ပြခိုင်းကာ လေယာဉ်အမှုထမ်းတစ်ဦးနှင့်အတူ ပြန်ဆင်းစေခဲ့ကြောင်း သားဖြစ်သူ ဂျက်ဖရေ နယူးမင်းက ပြောသည်။

ဂင်း၏ဖခင်ကို လေယာဉ်အမှုထမ်းနှင့်အတူ ဆင်းသွားပြီးနောက် မတွေ့မြင်ရတော့ကြောင်းဂျက်ဖရေက အေပီ သတင်းဌာနသို့ ပြောကြားခဲ့သည်။

မာရီးလ်သည် မြောက်ကိုရီးယားသို့ ဂင်း၏မိတ်ဆွေ ဘော့ဟန်ဒလာနှင့် အတူသွားရောက်လည်ပတ်ခဲ့ခြင်းဖြစ်ပြီး ဘော့ကိုမူ ပြန်ခွင့်ပြုခဲ့သည်။

ဘီဘီစီ။



ဂျိုနီဟာ အီရန်နျူကလီးယားဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

ဂျိုနီဗာ နိုဝင်ဘာ ၂၁

ဆွစ်ဇာလန်နိုင်ငံ ဂျိုနီဗာမြို့၌ ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် အီရန်နိုင်ငံတို့သည် တီဟီရန်နျူကလီးယား အစီအစဉ်၏ အနာဂတ်အရေးကို ဆွေးနွေးလျက်ရှိရာ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပကြောင်း ကြာသပတေးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ညီနှိုင်းရေးအကြီးအကဲများဖြစ်ကြသည့် ကက်သရင်းအက်ရှ်ထွန်နှင့် မိုဟာမက်ဂျာဗက်ဇာရစ်ဖတို့အကြား ပထမဆွေးနွေးပွဲမှာ အပြုသဘောဆောင်သဖြင့် ဆွေးနွေးပွဲဆက်လက်ကျင်းပခြင်းဖြစ်သည်။

ဂျိုနီဗာဆွေးနွေးပွဲတွင် အောင်မြင်မှုများရရှိမည်ဟု နှစ်ဖက်စလုံးယုံကြည်လျက်ရှိကြသော်လည်း အီရန်နိုင်ငံဦးသျှောင်က ဆွေးနွေးပွဲအချိန်ကန့်သတ်ချက်ပေးထားသည်။

ကြားဖြတ်သဘောတူညီချက်အဖြစ် အီရန်က ယူရေနီယံသန့်စင်ခြင်းကို ထိန်းချုပ်ပေးပြီး အပြန်အလှန်အားဖြင့် နိုင်ငံတကာ အရေးယူပိတ်ဆို့မှုကို ဖြေလျှော့ပေးဖွယ်ရာရှိသည်။

တီဟီရန်က ၎င်း၏ နျူကလီးယား အစီအစဉ်သည် ငြိမ်းချမ်းသော ရည်မှန်းချက်များအတွက်သာ ဖြစ်ကြောင်း အခိုင်အမာပြောကြားသော်လည်း အင်အားကြီးနိုင်ငံများကမူ နျူကလီးယားလက်နက် ထုတ်လုပ်ရန် ကြိုးစားနေသည်ဟု သံသယရှိကြသည်။

နိုဝင်ဘာ ၂၂ရက်၌ ပြီးဆုံးရန်စီစဉ်ထားသည့် ယင်း ဂျိုနီဗာဆွေးနွေးပွဲတွင် အမေရိကန်၊ ပြိတိန်၊ ပြင်သစ်၊ တရုတ်၊ ရုရှား အင်အားကြီးငါးနိုင်ငံအပေါင်း ဂျာမနီနိုင်ငံမှ ကိုယ်စားလှယ်များနှင့် အီရန်နိုင်ငံမှ ကိုယ်စားလှယ်တို့ ပါဝင်သည်။ **ဘီဘီစီ။**

နိုဝင်ဘာ ၂၀ ရက်က အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ဂျိုနီဗာမြို့၌ တံခါးပိတ်ဆွေးနွေးပွဲကျင်းပစဉ်။

အမေရိကန် မောင်းသူမဲ့လေယာဉ်ဖြင့်တိုက်ခြောက်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၁

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဟန်ဂုခရိုင်ရှိ ဘာသာရေးစာသင်ကျောင်းတစ်ကျောင်းကို အမေရိကန် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ရာ လူခြောက်ဦးထက်မနည်းသေဆုံး၍ ငါးဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက နိုဝင်ဘာ ၂၁ရက်တွင် ပြောကြားသည်။

ဟန်ဂုခရိုင်ရှိ အဆိုပါဘာသာရေးစာသင်ကျောင်းကို ပစ်မှတ်ထား၍ မောင်းသူမဲ့လေယာဉ်က တိုက်ခိုက်ရာ ကျောင်းသားလေးဦး အပါအဝင် ခြောက်ဦးသေဆုံးခဲ့သည်။

ယင်းစာသင်ကျောင်းအား အမေရိကန် မောင်းသူမဲ့လေယာဉ်က ဒုံးကျည်လေးစင်းဖြင့် ပစ်ခတ်ကြောင်း၊ ဟန်ဂုခရိုင်သည် ပါကစ္စတန်အနောက်မြောက်ပိုင်း ခိုင်ဘာပက်ထန်ခေါ်ပြည်နယ်တွင်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများတွင် ဖော်ပြသည်။

ဒေသစ်တော်ချိန် နံနက် ၅နာရီခန့်တွင် အဆိုပါ စာသင်ကျောင်းအတွင်း အရေအတွက်အတိအကျမသိရသော ကျောင်းသားများရှိနေချိန်တွင် တိုက်ခိုက်ခြင်းခံရကြောင်း၊ အခင်းဖြစ်ပွားပြီးနောက် ဒေသခံများ လျင်မြန်စွာ ရောက်ရှိလာကာ အပျက်အစီးများအောက်မှ ဒဏ်ရာရသူငါးဦးကို ဆွဲထုတ်ခဲ့ရကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဆင်ဟွာ။

တန်ချိန် ၂၀ရှိ ကျည်အိမ်များ တူရကီလုံခြုံရေးတပ်ဖွဲ့ သိမ်းဆည်း

အင်ကာရာ နိုဝင်ဘာ ၂၁

တူရကီနိုင်ငံ အနောက်မြောက်ပိုင်း ကိုကာလီပြည်နယ်တွင် လုံခြုံရေးတပ်ဖွဲ့က တန်ချိန် ၂၀ကျော် အလေးချိန်ရှိ ကျည်အိမ်များကို နိုဝင်ဘာ ၂၀ရက်က သိမ်းဆည်းရမိကြောင်း ဒေသဆိုင်ရာ တူဒေးဇာမန်းသတင်းဌာနက နိုဝင်ဘာ ၂၁ရက်တွင် ဖော်ပြသည်။

တူရကီနိုင်ငံ ကိုကာလီပြည်နယ် ကာတီပီခရိုင်တွင် မှောင်ခိုတိုက်ဖျက်ရေးအဖွဲ့က စီးနင်းရှာဖွေရာ ကျည်အိမ်များကို တွေ့ရှိရကြောင်း ကိုကာလီ အုပ်ချုပ်ရေးမှူးရုံးက ကြေညာချက်တစ်စောင်ထုတ်ပြန်သည်။ **ဆင်ဟွာ။**

အာဖဂန်နစ္စတန်၌ ၂၀၁၄ခုနှစ်ကိုကျော်လွန်၍ နိုင်ငံခြားတပ်ဖွဲ့ဝင် ၁၅၀၀၀ အထိ ဆက်လက်ရှိနိုင်

ကဘူး နိုဝင်ဘာ ၂၁

အကယ်၍ အမေရိကန်ပြည်ထောင်စုနှင့် လုံခြုံရေးသဘောတူညီချက်တစ်ရပ် ရရှိမည်ဆိုပါက အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၁၄ခုနှစ်ကိုကျော်လွန်ကာ နိုင်ငံခြားတပ်ဖွဲ့ဝင် ၁၅၀၀၀ အထိ ဆက်လက်ရှိနေနိုင်ကြောင်း သမ္မတ ဟာမစ်ကာဇိုင်းက နိုဝင်ဘာ ၂၁ရက်တွင် ပြောကြားသည်။ အမေရိကန်ပြည်ထောင်စုနှင့် လုံခြုံရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ် ရရှိရေးအတွက် မြို့တော်ကဘူး၌ တိုင်းရင်းသားခေါင်းဆောင်များ၊ ရပ်မိရပ်ဘများနှင့် နိုင်ငံရေးသမားများဖြစ်သည့် လူ ၂၅၀၀ခန့်က လေးရက်ကြာဆွေးနွေးမှုများကို ပြုလုပ်လျက်ရှိသည်။

ဖြန့်ကြက်နိုင်

မိမိ၏နိုင်ငံနှင့် အမေရိကန်အကြား သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်မည်ဆိုပါက နိုင်ငံခြားတပ်ဖွဲ့ဝင် ၁၀၀၀၀မှ ၁၅၀၀၀ အထိကို ဆက်လက်ဖြန့်ကြက်ထားနိုင်ကြောင်း သမ္မတ ကာဇိုင်းက တိုင်းရင်းသားလွှတ်တော်ညီလာခံသို့ တက်ရောက်လာသော ကိုယ်စားလှယ်များအား ပြောကြားသည်။

အမေရိကန်နှင့် အာဖဂန်နစ္စတန်အစိုးရအဖွဲ့များသည် လုံခြုံရေးဆိုင်ရာသဘောတူညီချက်၏ နောက်ဆုံးမူကြမ်းကို ရရှိခဲ့ပြီဖြစ်သည်။ ယင်းသဘောတူညီချက်မူကြမ်းအရ အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့များ ၂၀၁၄ခုနှစ်ထက်ကျော်လွန်ကာ ဆက်လက်ဖြန့်ကြက်သွားနိုင်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက နိုဝင်ဘာ ၂၀ရက်တွင် ပြောကြားခဲ့သည်။ **ရိုက်တာ။**

အာဖဂန်တိုင်းရင်းသား လွှတ်တော်ညီလာခံကျင်းပသည့် မှတ်တမ်းပုံကို တွေ့ရစဉ်။



လမ်း၊ တံတား၊ အဆောက်အအုံ၊ ဥမင်လိုဏ်ခေါင်းတည်ဆောက်ရေး နည်းပညာတိုးတက်မှုနှိုးနှောဖလှယ်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ DASAN Consultant Co.,Ltd. တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်း၊ တံတား၊ အဆောက်အအုံ၊ ဥမင်လိုဏ်ခေါင်းတည်ဆောက်ရေး နည်းပညာတိုးတက်မှုနှိုးနှောဖလှယ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဦးကျော်လွင်က အဖွင့်အမှာစကားပြောကြားပြီး ကိုရီးယားသမ္မတနိုင်ငံ DASAN Consultant Co.,Ltd. မှ President, Mr. Jeong Ho Kim က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် DASAN Consultant Co., Ltd. မှ ပညာရှင်များက မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်း၊ တံတား၊ အဆောက်အအုံ၊ ဥမင်လိုဏ်ခေါင်းတည်ဆောက်ရေး နည်းပညာတိုးတက်မှု၊ ယာဉ်အသွားအလာအတွက် အရေးပါသော လမ်းကွန်ရက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာဟိုင်းဝေးလမ်းများ တည်ဆောက်မှုနည်းပညာရပ်များ၊ တံတားနှင့်ပတ်သက်သော ခေတ်မီ Cable-Stay Bridges တည်ဆောက်ခြင်းနှင့် ပုံထုတ်ခြင်းနည်းပညာရပ်များ၊ မြန်မာနိုင်ငံတွင် အဓိကလိုအပ်လျက်ရှိသော Tunneling ဥမင်လိုဏ်ခေါင်းတည်ဆောက်ခြင်း နည်းပညာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင်ရှိ စာပေရေချမ်းစင်များ ဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် နိုဝင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ သန်လျင်၊ သုံးခွနှင့် ခရမ်းမြို့နယ်များရှိ အများပြည်သူဝန်ဆောင်မှု ပြည်သူ့အကျိုးပြု စာပေရေချမ်းစင်အိတ်များ ထားရှိဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပို့)**

ဒုတိယဝန်ကြီးသည် သန်လျင်၊ သုံးခွ၊ တံတားမြို့နယ်ခွဲရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံကာ ပြည်သူ့အကျိုးပြု၊ ပြည်သူ့ဝန်ဆောင်မှုအဖြစ် ထားရှိပေးသည့် စာပေရေချမ်းစင်အိတ်များ အရှိန်အဟုန်မပျက် ဆောင်ရွက်ရေး စံ(၅)ရပ်နှင့်အညီ စာကြည့်တိုက်များ၏ လက်ရှိအခြေအနေတိုးတက်ရေးနှင့် စာအုပ်အသစ်များ တိုးပွားရေးအတွက် စေတနာရှင်၊ အလှူရှင်ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူလူထု၏ လိုအပ်ချက်အား အထက်အဖွဲ့ အစည်းအဆင့်ဆင့်သိရှိရန် ဆောင်ရွက်ပေးရေး၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးသည် မြို့နယ်များ အခြေခံဖြစ်သဖြင့် ပြည်သူ့အကျိုးသယ်ပိုးကြရေး၊ ဌာနဆိုင်ရာအချင်းချင်း အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး၊ ပြည်သူက အားကိုးသည့်ဌာနဖြစ်လာရန် ဝန်ထမ်းအားလုံးက ဆောင်ရွက်သွားကြရေးနှင့် ယခုထားရှိပေးသည့် စာပေရေချမ်းစင်အိတ်များသည် စာမတတ်သူ ပပျောက်ရေးမှ စာတတ်သူများ စာဖတ်ရေးရည်ရွယ်၍ ဖွင့်လှစ်ထားရှိပေးခြင်းဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အခမဲ့စေတနာညကျောင်းသို့ စာရေးကိရိယာထောက်ပံ့ ဆရာ ဆရာမများအတွက် မေတ္တာလက်ဆောင်ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၁

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၂၂)အခြေခံပညာ အထက်တန်းကျောင်း၌ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နှင့် နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အထောက်အကူပြုအခမဲ့ စေတနာညကျောင်းသို့ ကျောင်းသားကျောင်းသူများအား စာရေးကိရိယာ ထောက်ပံ့ခြင်းနှင့် ဆရာ ဆရာမများအတွက် မေတ္တာလက်ဆောင်ပေးအပ်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် ညနေ ၆ နာရီတွင် ကျင်းပရာ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးစန်း၊ အတွင်းရေးမှူး ဒေါ်မီမီစိုး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်၊ ဇမ္ဗူသီရိမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မော်မော်နှင့် အဖွဲ့ဝင်များ၊ အထက(၂၂) ကျောင်းအုပ်ဆရာကြီးနှင့် အခမဲ့စေတနာညကျောင်းတွင် ပညာသင်ကြားနေသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့် နေပြည်တော် မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းတို့က အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများနှင့် ဆရာ ဆရာမများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့သည်။

အခမဲ့စေတနာညကျောင်းသို့ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူ ၃၀ ခန့် တက်ရောက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း ၂၂-၁၁-၂၀၁၃

၆:၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆:၃၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၇:၃၅	"ကလေးများအတွက် အကောင်းဆုံး"
၉:၅၅	ရှေ့ဖယ်စုံလင်အာဆီယံအစီအစဉ်
၁၁:၄၀	ဥက္ကာရည်ချင်းပြိုင်ဘယ်သူနိုင်
၁၂:၂၅	ဆေးရောင်စုံရုပ်ရှင် "ဒဏ္ဍာရီ" (ဇင်ပိုင်း၊ ထွန်းထွန်းနိုင်၊ မေသန်းနု)
	(ဒါရိုက်တာ - မောင်တင်ဦး)
၇:၃၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၆:၄၅	ဇေယျာသီရိရေကူးကန်
၇:၂၀	ပြည်သူ့နီတိ "၁၈၇"
၈:၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း -မြန်မာ့လေ့ဖိုးရာလက်ဝှေ့

ကြိုတင်ရှိထားရမည့် တိုင်းပြည်အဆင့်စီးပွားရေးအခြေအနေ

Dr. မောင်အောင်

ပို့ကုန်ဦးဆောင်သည့် စီးပွားရေးတိုးတက်မှုပုံစံဖော်ဆောင်နိုင်ရေးအတွက် လိုအပ်ချက်များအနက် အရေးကြီးဆုံးမှာ တိုင်းပြည်အဆင့် စီးပွားရေးတည်ငြိမ်မှု အခြေအနေဖြစ်ပေါ်စေရန် ကြိုတင်လုပ်ဆောင်ထားရမည်ဖြစ်သည်။ တည်ငြိမ်သော တိုင်းပြည်အဆင့် စီးပွားရေးအခြေအနေဖြစ်ပေါ်စေရန် ပထမလိုအပ်ချက်မှာ အသင့်အတင့်တည်ငြိမ်သော ငွေဖောင်းပွမှုနှုန်း (Low & Stable Inflation Rate)ရှိရန် လိုအပ်ပါသည်။

စီးပွားရေးသီအိုရီများအရ ငွေဖောင်းပွမှုလုံးဝမရှိသော အခြေအနေသည် ထုတ်လုပ်မှုလုပ်ငန်းများအတွက် တိုးချဲ့ထုတ်လုပ်ရန် ဆွဲဆောင်မှုနည်းပါးသောကြောင့် အသင့်အတင့်သောငွေဖောင်းပွမှုနှုန်းသည် ထုတ်လုပ်မှုလုပ်ငန်းများအတွက် ပိုမိုထုတ်လုပ်စေရန် ဆွဲဆောင်မှုပေးနိုင်သည့်အတွက် တည်ငြိမ်ပြီး နိမ့်ကျသည့် ငွေဖောင်းပွမှုနှုန်းဖြစ်ရန်သာ လိုပေသည်။ ဂဏန်းနှစ်လုံး (Double digit)ငွေဖောင်းပွမှုနှုန်းမဖြစ်ရန်ရှောင်ရှားရမည်ဖြစ်သည်။

တစ်ဆက်တည်းမှာပင် ထုတ်လုပ်မှုလုပ်ငန်းများ တိုးချဲ့ထုတ်လုပ်မှုကို အားပေးသည့် ပတ်ဝန်းကျင်ကောင်း ကြိုတင်ဖန်တီးထားရမည်ဖြစ်သည်။ နိုင်ငံတော်မှလည်း ပို့ကုန်နှင့်ဆက်စပ်နေသည့် ထုတ်လုပ်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်နိုင်ရန် (Soft Infrastructure)ဟုခေါ်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ အဖွဲ့အစည်းများဖြင့် ပံ့ပိုးပေးရမည်ဖြစ်သလို ရုပ်ဝတ္ထုအခြေခံအဆောက်အအုံ (Hard Infrastructure)ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆိပ်ကမ်းများ၊ လျှပ်စစ်စသည်တို့ အဆင်ပြေချောမွေ့စေရန် စီမံထားရမည်ဖြစ်သည်။ ဆွဲဆောင်မှုမရှိသည့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင် (Conducive Investment Environment) ရရှိစေရန်အတွက် ကြီးမားသည့် လိုငွေဘတ်ဂျက်ကိုလည်း ရှောင်ရှားရမည်ဖြစ်သည်။

ပို့ကုန်နှင့်ဆက်စပ်နေသောလုပ်ငန်းများ (ပြည်တွင်းလုပ်ငန်းများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ) သိသာစွာတိုးတက်လာစေရန် လက်တွေ့ကျသည့် တွန်းအားပေးမှုများ၊ ဆွဲဆောင်မှုများပါဝင်သည့် ဥပဒေများ၊ အဖွဲ့အစည်းများပြန်လည်ရေးဆွဲခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း၊ တည်ထောင်ခြင်းများ ပြုလုပ်ရန်လိုအပ်။

ပို့ကုန်နှင့်ဆက်စပ်နေသော လုပ်ငန်းများ (ပြည်တွင်းလုပ်ငန်းများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ) သိသာစွာ တိုးတက်လာစေရန် လက်တွေ့ကျသည့် တွန်းအားပေးမှုများ၊ ဆွဲဆောင်မှုများပါဝင်သည့် ဥပဒေများ၊ အဖွဲ့အစည်းများပြန်လည်ရေးဆွဲခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း၊ တည်ထောင်ခြင်းများ ပြုလုပ်ရန်လိုအပ်ပါသည်။

ဥပမာအားဖြင့် ELG Model ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည့်နိုင်ငံတိုင်းတွင် တန်ဖိုးမြှင့်ပို့ကုန်များ ပိုမိုထွန်းကားလာရေးအတွက် **တန်ဖိုးမြှင့်ပို့ကုန်ဥပဒေ (သို့) ပို့ကုန်ဦးစားပေးလုပ်ငန်းများဥပဒေ**ပြဋ္ဌာန်းပြီး လုပ်ငန်းရှင်များ၊ တန်ဖိုးမြှင့်ပို့ကုန် ပိုမိုထုတ်လုပ်လာစေရန်အတွက် အခွန်အကောက်ဆိုင်ရာ သက်သာခွင့်များ၊ အထူးချေးငွေများအပြင် အဆောက်အအုံဆိုင်ရာ ကူညီအားပေးမှုများဖြစ်သည့် လျှပ်စစ်မှအစ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ပံ့ပိုးမှုများပါဝင်သည့် ထိရောက်သောဆွဲဆောင်မှုများဖြင့် ဆောင်ရွက်မှသာလုပ်ငန်းရှင်များအား အမှန်တကယ်ဆွဲဆောင်နိုင်မည်ဖြစ်သည်။

ထို့အတူပြင်ပမှ FDI များအနေဖြင့် ပို့ကုန်နှင့်ဆက်စပ်သောကုန်ထုတ်လုပ်ငန်းများတွင် ပိုမိုရင်းနှီးလာစေရန်လည်း ဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် အရင်းအနှီးရှားပါးမှုနှင့် နည်းပညာလိုအပ်ချက်ကို ဖြေရှင်းနိုင်ရန် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)များ ပိုမိုဝင်ရောက်လာရေး အထူးအရေးကြီးသည့်ကာလလည်း ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အထူးစီးပွားရေးဇုန်ဥပဒေ (Special Economic Zone Law) တို့ကိုလည်း ပြဋ္ဌာန်းလိုက်ရုံဖြင့်မပြီးဘဲ ဝင်ရောက်လာသည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လက်တွေ့လုပ်ဆောင်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ အဆင်မပြေမှုများကို အစဉ်လေ့လာသုံးသပ်ပြီး ပြင်ဆင်ပေးမှသာ ဆွဲဆောင်မှုရှိသည့် FDI ဥပဒေပေါ်ပေါက်လာမည်ဖြစ်သည်။

ပို၍အရေးကြီးသည်မှာ လက်ရှိအခြေအနေတွင် ရည်မှန်းသလောက် FDI များသိသိသာသာဝင်ရောက်မလာရခြင်း၏ အဓိကအကြောင်းအရင်းများ ရှာဖွေဖော်ထုတ်ပြီး အမြန်ဆုံးဖြေရှင်းပေးနိုင်မှသာ FDI များ သိသိသာသာဝင်ရောက်လာမည်ဖြစ်သည်။

၎င်းအပြင်ပို့ကုန်မြှင့်တင်ရေးအတွက် ထိရောက်သောတွန်းအားတစ်ရပ်မှာ **အခွင့်သာသောနိုင်ငံခြားငွေလဲလှယ်နှုန်း**ပင်ဖြစ်သည်။ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြသောနိုင်ငံတိုင်း မိမိနိုင်ငံ၏ငွေကြေးတန်ဖိုးမြှင့်တက်မှုကို မလိုလားဘဲ မိမိငွေတန်ဖိုးနိမ့်ကျမှုကို ဦးစားပေးလုပ်ဆောင်လေ့ရှိသည်။

ဆိုလိုသည်မှာ ပြည်တွင်းငွေကြေးတန်ဖိုးနိမ့်ကျမှသာ ပြည်တွင်းထုတ်ကုန်များ ဈေးနှုန်းချိုသာသည့်အတွက် ပိုမိုဝယ်ယူမှုကို အားပေးမည်ဖြစ်သည်။ ထို့အတူ ပြည်တွင်းငွေကြေးတက်လာလျှင် ပို့ကုန်ပစ္စည်းများ၏တန်ဖိုးမြှင့်တက်လာမှုကြောင့် ဝယ်ယူမှုကို လျော့နည်းစေပါသည်။

တရုတ်၊ ဂျပန်၊ ထိုင်းနိုင်ငံများ၏ အတွေ့အကြုံများအရ ၎င်းတို့၏ပြည်တွင်းငွေကြေး မမြင့်တက်စေရန် အစဉ်ကြိုးကြပ်လုပ်ဆောင်နေသလို ပြည်တွင်းငွေတန်ဖိုးမြှင့်တက်မှုကို အတိုင်းအတာတစ်ခုထက် အကျော်မခံဘဲ ပြန်လည်နှိမ့်ချလေ့ရှိပေသည်။ သို့ဖြစ်၍ ပို့ကုန်ဦးစားပေးပေါ်လစီ ဆောင်ရွက်လိုလျှင် ပြည်တွင်းငွေကြေး ကျပ်ငွေတန်ဖိုးမြှင့်တက်ခြင်းကို ရှောင်ရှားရမည်ဖြစ်ပြီး ပြည်တွင်းငွေတန်ဖိုးနိမ့်ကျမှသာ ပို့ကုန်မြှင့်တင်ရေးကို အားပေးမည်ဖြစ်သည်။

ပို့ကုန်မြှင့်တင်ရေးအတွက် လိုအပ်သည့်အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များ

ထို့အပြင် ပို့ကုန်မြှင့်တင်ရေးအတွက် မရှိမဖြစ် ဖြည့်ဆည်းပေးရမည့်အချက်မှာ ပို့ကုန်မြှင့်တင်ရေးနှင့် ပတ်သက်သည့် လိုအပ်သောသတင်းအချက်အလက်များနှင့် ပံ့ပိုးမှုများတစ်နေရာတည်း (One Stop Service) မှ ဖြည့်စွမ်းပေးသည့် **ပို့ကုန်မြှင့်တင်ရေးအဖွဲ့အစည်း (Export Promotion Organization)** တစ်ရပ် ထူထောင်ရမည်ဖြစ်သည်။

အာရှနိုင်ငံများအနက် အောင်မြင်သည့်ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့အစည်းများဖြစ်သည့် ဂျပန်နိုင်ငံ၏ JETRO (Japan External Trade Organization)၊ ကိုရီးယားနိုင်ငံ၏ KOTRA (Korea International Trade Association)၊ မလေးရှားနိုင်ငံ၏ MATRADE (Malaysia Trade Organization) များသည် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အစိုးရမှ ဖွဲ့စည်းတည်ထောင်ထားသည့် ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အစည်းများဖြစ်ပြီး ပို့ကုန်မြှင့်တင်ရေးအတွက် ကမ္ဘာအနှံ့ရုံးခွဲများ ဖြန့်ကြက်ထားပြီဖြစ်သည်။

အလားတူထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ တရုတ်နိုင်ငံများတွင်လည်း TPO များဖွဲ့စည်းထားပြီး အဓိကကုန်သွယ်ဘက်နိုင်ငံများတွင် ရုံးခွဲများဖွင့်ပြီး ပို့ကုန်မြှင့်တင်ရေးလုပ်ဆောင်နေသလို မြန်မာနိုင်ငံအနေဖြင့်လည်း စတင်လုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်သည်။

သို့မှသာ ထိရောက်သော ပို့ကုန်မြှင့်တင်ရေး နည်းလမ်းများဖြစ်သည့် ဈေးကွက်သစ်ဖော်ထုတ်ရေး၊ ဈေးကွက်သုတေသန၊ ဈေးကွက်သတင်းအချက်အလက်များနှင့် အချိန်လိုက်ဈေးကွက်ပြောင်းလဲမှုနှင့် ကြိုက်နှစ်သက်မှုပြောင်းလဲခြင်း၊ ပြိုင်ဘက်များ၏ အခြေအနေ၊ နိုင်ငံအသီးသီး၏စံချိန်စံညွှန်းသတ်မှတ်ချက်များ စသည်တို့ကို သိရှိမှသာ ပြည်တွင်းပို့ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ကမ္ဘာ့ဈေးကွက်မှတောင်းဆိုသည့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်သည်။

လက်ရှိ မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များ၏ အဓိကအခက်အခဲတစ်ရပ်ဖြစ်သည့် ငွေကြေးအရင်းအနှီးရှားပါးသည့်ပြဿနာ ဖြေရှင်းပေးမှသာလျှင် ကုန်သွယ်မှုလုပ်ဆောင်နေသည့် လုပ်ငန်းရှင်များ၏စွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းအား ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုထွန်းကားလာရေးအတွက် ကုန်သွယ်မှုဆိုင်ရာ ဘဏ္ဍာငွေပံ့ပိုးပေးခြင်း (Trade Financing)ကိုလည်း မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်သလို ကုန်သွယ်မှုကို ဦးစားပေးသည့်နိုင်ငံတိုင်း ပို့ကုန်သွင်းကုန်ဘဏ် (Export-Inport Bank) များ ထူထောင်ပေးခြင်းဖြင့် ကုန်သွယ်မှုလုပ်ငန်းများ အထူးသဖြင့်ပို့ကုန်လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးမှုကို များစွာအထောက်အပံ့ပြုနိုင်မည်ဖြစ်သည်။ ပို့ကုန်လုပ်ငန်းရှင်များအတွက် လိုအပ်နေသည့်သင်္ဘောမတင်မီချေးငွေ(Preshipment Loan)၊ ပို့ကုန်ချေးငွေ (Export Credit)၊ ပို့ကုန်အာမခံချေးငွေ Gurantte & Insurance Loan စသည့်ကာလတိုအတွက် ထုတ်ချေးနိုင်သလို ရေရှည်ပို့ကုန်မြှင့်တင်ရေးကို အထောက်အကူပြုမည့် ပို့ကုန်နှင့်ဆက်စပ်နေသော ထုတ်လုပ်မှုလုပ်ငန်းများတိုးချဲ့ခြင်း၊ အသစ်ဆောက်လုပ်ခြင်း Warehousings & Silos များတည်ဆောက်ခြင်းတို့အတွက်လည်း ကာလရှည်ချေးငွေများကိုလည်း Exim Bank များက စီစဉ်ပေးလေ့ရှိသည်။

နိုင်ငံတကာအတွေ့အကြုံများအရလည်း Exim Bank ကြောင့် ပို့ကုန်လုပ်ငန်းရှင်များ၏ ငွေကြေးလည်ပတ်မှု အဆင်ပြေလာမှုများကြောင့်လည်း တင်ပို့နိုင်သည့်ပမာဏ Export Volume များလာသလို အကြိမ်အရေအတွက် (Frequency) ပိုမိုဆောင်ရွက်နိုင်၍ တိုင်းပြည်ပို့ကုန်တန်ဖိုးသိသာစွာ မြင့်တက်လာလေ့ရှိသည်။

လက်ရှိပို့ကုန်လုပ်ငန်းရှင် ၁၅၀၀ ဝန်းကျင်ရှိသည့်အနက် ဒေါ်လာသန်း ၁၀၀ အထက်လုပ်ဆောင်နိုင်သည့် ပို့ကုန်လုပ်ငန်းရှင်တစ်ဦးသာရှိပြီး ရာခိုင်နှုန်းအများစု ၄၀ ရာခိုင်နှုန်းဝန်းကျင်မှာ ဒေါ်လာတစ်သိန်းလောက်သာ ဆောင်ရွက်နိုင်၍ မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များ၏ အရင်းအနှီးရှားပါးမှုကို ဖော်ပြနေသည်။[2] အမှန်တကယ်မှ Supply Change တစ်ခုလုံး၏ တိုးတက်မှုကို အဓိကမောင်းနှင်သူမှာ ပို့ကုန်လုပ်ငန်းရှင်များဖြစ်သည့်အတွက် ၎င်းတို့၏ စွမ်းအင်ပြည့်ဝမှုနှင့် အရင်းအနှီးခိုင်မာမှုရှိမှသာ ပို့ကုန်မြှင့်တင်ရေးအောင်မြင်မည်ဖြစ်သည်။ ပို့ကုန်မြှင့်တင်ရေးနှင့် ဆက်စပ်နေသော ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံဖော်ဆောင်တော့မည်ဆိုလျှင် Exim ထူထောင်ရေးကိုလည်း ပူးတွဲဆောင်ရွက်ရမည်ဖြစ်သည်။ **(ဆက်လက်ဖော်ပြပါမည်)**

[2] ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပို့ကုန်လုပ်ငန်းရှင် (၁၅၀၀) ကျော်ရှိသည့်အနက် တင်ပို့သော ပို့ကုန်တန်ဖိုးစုစုပေါင်းပေါ် မူတည်၍ ဖော်ပြထားခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်ရှိ မူလတန်းကျောင်းများပြန်လည်တည်ဆောက်ရန် အမေရိကန်ဒေါ်လာ ငါးသောင်းလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၁

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် မူလတန်းပညာရေးကျောင်းများ ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် ဂျပန်နိုင်ငံ တိုကျိုမြို့နေအလှူရှင် Mr. IKKA AKINARI ကိုယ်စား Mr. HAN JAEHYEOH က အလှူတော်ငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ သီတဂူသာသနာ့ဗိမာန်တော်ကြီးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်ကိုယ်စား Mr. HAN JAEHYEON က မြန်မာနိုင်ငံသည် အလွန်နှစ်သက်စရာကောင်းပြီး မြန်မာလူမျိုးတို့သည် ရိုးသားဖြူစင်ကြသဖြင့် ကလေးငယ်များ မူလတန်းပညာရေးအဆင့်ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ လှူဒါန်းခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်ခုကို တည်ထောင်ရာတွင် ကလေးငယ်များကို ပြုစုပျိုးထောင်ခြင်းသည် အရေးပါအရာရောက်သည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ ကလေးများပညာရည်မြင့်မားမှ တိုင်းပြည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ယခင်ကလည်း စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးဒေသရှိမူလတန်းကျောင်းအတွက် ကျပ်သိန်း ၅၀၀ နှင့် ဆေးရုံအတွက် ကျပ်သိန်း ၁၅၀၀ လှူဒါန်းခဲ့ပါကြောင်း၊ Mr. IKKA AKINARI ၏ မွေးနေ့ ၃ လပိုင်း ၂၆ ရက်အတွက် (၃၂၆)ကြိမ်လှူဒါန်းရန် ရည်ရွယ်ထားရာ ယခုလှူဒါန်းမှုမှာ (၉၃)ကြိမ်မြောက်ဖြစ်ပြီး ကျန်လှူဒါန်းမှုများအတွက်လည်း မြန်မာနိုင်ငံကို ဦးစားပေးလှူဒါန်းသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt) (Ph.D)ထံသို့ အလှူတော်ငွေဒေါ်လာ ၅၀၀၀၀ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(တင့်လွင်)**

မြန်မာ့ဓလေ့ နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

နတ်တလင်း နိုဝင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ တာပွန်မြို့နယ် တိလောကမာရဇိန် ရွှေသာလျောင်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်တွင် တန်ဆောင်မုန်းလဆန်း ၁၂ ရက်မှစပြီး လပြည့်နေ့အထိ လေးရက်တိုင်တိုင် ညနေ ၄ နာရီမှစပြီး နိဗ္ဗာန်ဈေးပွဲတော်ကျင်းပခဲ့သည်။ လမ်းများအလိုက် စုပေါင်း ကျွေးမွေးမည့်ရက်တွင်လည်း မည်သည့်အစားအစာများ ကျွေးမွေးမည်ကို ကြိုတင်ကြေညာခြင်းနှင့် ကျွေးမွေးသည့်အစားအစာမှာလည်း တစ်နေ့လျှင် ကိုးမျိုးရှိပြီး မည်သူမဆို မိမိတို့ကြိုက်နှစ်သက်ရာဆိုင်များသို့ယူဆောင်ပြီး စားသုံးကြကြောင်း ဂေါပကအဖွဲ့ဒုဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်က ပြောကြားသည်။ **(၀၇၁)**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် စိုက်ခင်းများ ရှင်းလင်းပြသ

နေပြည်တော် နိုဝင်ဘာ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ဦးဆောင်အဖွဲ့ ဖွဲ့စည်းနိုင်ရေးနှင့် ခေတ်အဆက်ဆက်ဘဏ္ဍာငွေကြွေးကျန်များ စာရင်းရှင်းလင်းနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က **တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ** ဦးဆောင်အဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် အစည်းအဝေးတစ်ရပ်ကို သင့်လျော်သည့်အချိန်တွင် ကျင်းပနိုင်ရေးကိစ္စများကိုလည်းကောင်း၊ မိမိတို့ဝန်ကြီးဌာန၏ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် နိုင်ငံတော်ဘဏ္ဍာငွေ ကြွေးကျန်ဆုံးရှုံးမှုမရှိစေရေးအတွက် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်များနှင့် ကိုက်ညီစွာ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ ကိုယ်တိုင် ဌာနတစ်ခုချင်းစီအလိုက် စာရင်းစစ်ချုပ်အစီအရင်ခံစာနှင့် တိုက်ဆိုင်စစ်ဆေးပြီး ကြွေးကျန်ကိစ္စများ ပြီးစီးအောင် အထူးအလေးထားဆောင်ရွက်ရန် ကိစ္စများကိုလည်းကောင်း အသေးစိတ် မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် ဟောင်ကောင်မှစိုက်ပျိုးရေးပညာရှင်များ၊ စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်းရှင်များနှင့်အဖွဲ့အား နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြစ်ထွန်းအောင်မြင်လျက်ရှိသော စိုက်ခင်းများကို လှည့်လည်ရှင်းလင်းပြသခဲ့ကြောင်း**(အောက်ပုံ)** သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ဂိုလီးယားနိုင်ငံ သမ္မတနှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂ်ျဇတ်ခ် ဟီးလ်ယာဒ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဂျပန်ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၁

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဂျပန်နိုင်ငံ KEIDANREN (Japan Business Federation) ၏ ဂျပန်-မြန်မာ စီးပွားရေးကော်မတီမှ ဥက္ကဋ္ဌ Mr.KATSUMATA Nobuo ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာ-ဂျပန်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေများ၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လမ်း၊ တံတား၊ လျှပ်စစ် စသည့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ဂျပန်ဘက်မှအဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် စီးပွားရေးလုပ်ငန်းရှင်များက ၎င်းတို့ကြုံတွေ့နေရသည့် ကုန်သွယ်မှုဆိုင်ရာအခက်အခဲများ၊ အနာဂတ်တွင် တိုးချဲ့ဆောင်ရွက်သွားနိုင်မည့် ကဏ္ဍများနှင့် စျေးကွက်အခွင့်အလမ်းများကို ရင်းနှီးပွင့်လင်းစွာအကြံပြု တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မထသ(ဗဟို)မှ ခရီးသည်တင်ဒိုင်နာယာဉ်လိုင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၁

မထသ(ဗဟို)မှ အများပြည်သူ အသုံးပြုနေကြသော ခရီးသည်တင်ဒိုင်နာယာဉ်လိုင်းနှင့် ပတ်သက်၍ နိုဝင်ဘာ ၂၀ ရက်က ပြုလုပ်သော မီဒီယာတွေ့ဆုံ ဆွေးနွေးပွဲတွင် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ခရီးသည်တင်ဒိုင်နာယာဉ်လိုင်းများမှာ ယာဉ်လိုင်းအရေအတွက် ၁၀၀ ခန့်ရှိနေပြီး မှတ်ပုံတင်ထားသော ဒိုင်နာယာဉ်လိုင်းအစီးရေမှာ စုစုပေါင်း ၂၁၉၃ ရှိကြောင်း သိရသည်။ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ယာဉ်မတော်တဆ ဖြစ်ပွားမှုများမှာ ၂၁၈မှုရှိရာ အဆိုပါဖြစ်စဉ်အတွင်း သေဆုံးသူဦးရေ ၇၅ ဦးနှင့် ဒဏ်ရာရရှိသူ ၇၂၄ ဦး ရှိနေကြောင်း သိရပြီး ယင်းဖြစ်စဉ်ထဲမှ ခရီး သည်တင်ဒိုင်နာယာဉ်တိမ်းမှောက်မှုကြောင့် ၁၉ ဦး သေဆုံးကာ ဒဏ်ရာရရှိသူဦးရေ ၂၇၅ ဦးရှိကြောင်းလည်း သိရသည်။ မထသ (ဗဟို)မှ ဥက္ကဋ္ဌ ဦးလှအောင်က "ဒိုင်နာယာဉ်လိုင်းတွေ အဲဒီလိုဖြစ်တဲ့အတွက်လည်း ကျွန်တော်တို့က တတ်နိုင်သလောက် ထိန်းသိမ်းနေပါတယ်၊ အခုဆိုရင် ယာဉ်ပိုင်ရှင်တွေက သက်တမ်းကြာမြင့်တဲ့ ဒိုင်နာယာဉ်နေရာတွင်မီနီဘတ်စ်နဲ့ အစားထိုး တင်သွင်းချင်ကြတယ်၊ ဒီလိုမီနီဘတ်စ်လေးတွေတင်သွင်းလာကြတော့ လည်း တစ်ဖက်က ယာဉ်လုပ်သားတွေအတွက် ယာဉ်ကြောပိတ်ဆို့မှုကို လွယ်ကူစေနိုင်သလို တစ်ဖက်ကလည်း ခရီးသည်တွေအတွက် သွားလာမှုကို အဆင်ပြေစေနိုင်ပါတယ်၊ ကျွန်တော်တို့ မထသ(ဗဟို)က လုပ်ပေးနိုင်တာ နှစ်ခုရှိပါတယ်၊ တစ်ခုက ယာဉ်အိုယာဉ်ဟောင်းအပ်ပြီး အစားထိုးလဲတာနဲ့ နောက်တစ်ခုက ယာဉ်ပိုင်ရှင်တွေအတွက် CNG တောင်းပေးတာတွေကိုပြုလုပ်ပေးပါတယ်" ဟု ရှင်းပြခဲ့သည်။

(စိုးဝင်း-MLA)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် စိုက်ခင်းများ ရှင်းလင်းပြသ

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ပညာပေးဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရန်ကုန်အရှေ့ပိုင်းခရိုင်မှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးပညာပေးဆွေးနွေးဟောပြောပွဲကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈) ရပ်ကွက် ခင်ညိုလမ်းရှိ သာသနရက္ခိတမဟာရုံ၌ နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကျင်းပရာ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်နိုင်က လျှပ်စစ်အန္တရာယ်အကြောင်း သိကောင်းစရာများကို ဆွေးနွေးပို့ချခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ အမှတ်(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် စိတ်ပါဝင်စားသူ ၁၅၀ တက်ရောက်ကြပြီး သိလိုသမျှ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(၅၉၃)

ပြန်မာ့လက်ရွေးစင်တင်းနစ်အသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၂၁

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှ ၂၇ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပမည့် South East Asian (AEC) Championship 2013 တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အမျိုးသားတင်းနစ်အသင်းနှင့် အမျိုးသမီးတင်းနစ်အသင်းသည် နိုဝင်ဘာ ၂၁ ရက်နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ထွက်ခွာသွားသည်။

အဆိုပါ South East Asian (AEC) Championship 2013 တင်းနစ်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲဟူ၍ ငါးမျိုးကျင်းပမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင်တင်းနစ်အားကစားမောင်မယ်များ ငါးမျိုးစလုံးတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၂-၁၁-၂၀၁၃ (သောကြာနေ့)

၅:၄၀	"ဘဝခုံရုံး"တရားတော် (အပိုင်း-၁) [ဓမ္မဒူတအရှင်ပညာဝရ (သိမ်ဇရပ်)]
၁၀:၀၀	ခေတ်သစ်ပျိုမေ
၂:၂၀	World of Knowledge (Hooked: Squid Invasion)
၅:၁၀	Minute to Win It
၆:၁၅	Health Fix
၈:၂၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၂)
၉:၁၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပင်လယ်ဗျော်ချစ်သူလေး" (အပိုင်း-၁၂)

❖ အရှေ့တောင်အာရှမှ

အားကစားရွှေတစ်ခေတ် ထုဆစ်ပုံဖော်ပေးမည့် တာဝန်ကို အားကစား မောင်မယ်များ၏ ပခုံးပေါ်သို့ မိဘပြည်သူတစ်ရပ်လုံးက ယုံကြည်စွာ အပ်နှင်းလိုက်ပြီဖြစ်ပါကြောင်း၊ ထိုတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း အားကစားနှင့် တိုင်းပြည်ဂုဏ်ကို မြှင့်တင်ပေးမည့် အားကစားသူရဲကောင်း မောင်မယ်များအဖြစ် သမိုင်းမော်ကွန်း ရေးထိုးကြပါဟု တိုက်တွန်းလိုက်ပါ ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက မြန်မာအားကစား အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အပ်နှင်း သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးသောင်းထိုက်က မြန်မာအားကစား အောင်နိုင်ရေး ကတိပြုစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားမောင်မယ်များအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ပြီး အားကစားရုံအတွင်း၌ ခင်းကျင်းပြသထားသည့် (၂၇)ကြိမ် မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့များ၏ ပြိုင်ပွဲဝင်ဝတ်စုံများနှင့် အားကစားပစ္စည်းများကို လှည့်လည်ကြည့်ရှုရာ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အဆိုပါအားကစားရုံ၌ အားကစား အဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး ခမ်းခမ်းနားနားဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေး၊ အားကစားသမားများ အကောင်းဆုံး စွမ်းဆောင်နိုင်ရေးနှင့် အောင်နိုင်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းနေမှုများကို နိုင်ငံတော်အစိုးရ အနေဖြင့် အသိအမှတ်ပြုပါကြောင်း၊ လိုအပ်ချက်များရှိက အချိန်နှင့် တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် မှာကြား သည်။

ထို့နောက် ဒုတိယသမ္မတသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့ ရောက် ရှိပြီး ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများ နိုင်ငံတကာအဆင့်မီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများ ကျင်းပမည့် ဖျော်ဖြေရေးစင်မြင့် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အားကစား နည်းအလိုက် ဒိုင်/ဂျူရီများ၊ အသင်းအုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ တည်းခိုနေထိုင်မည့်နေရာများသို့သွားရောက်၍ ပြင်ဆင်ထားရှိမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့များ၏ ပြိုင်ပွဲဝင် ဝတ်စုံများနှင့် အားကစားပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် APG ၏ အမှုဆောင်အတွင်းရေးမှူးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၁

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်သည် အာရှ-ပစိဖိတ် ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့(APG)၏ အမှုဆောင်အတွင်း ရေးမှူး Mr. Gordon Philip Hook ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက် အအုံ အမျိုးသားလွှတ်တော် 1-G အဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ သည်။ **(ယာပုံ)**

တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ ဒေါက်တာမြင့်ကြည်၊ ပါမောက္ခ ဒေါက်တာမြဦး၊ ဒေါ်နန်းနီနီအေးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

၂၀၁၅ ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတပြီး ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်သွားမည်

ရန်ကုန် နိုဝင်ဘာ ၂၁

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် မဟာဗျူဟာအစီအစဉ် ရေးဆွဲရေးကော်မတီနှင့် လူမှုအဖွဲ့ အစည်း(၂၄)ဖွဲ့တို့သည် မဟာဗျူဟာ စီမံချက်နှင့်စပ်လျဉ်း၍ ယနေ့ နံနက်ပိုင်းမှစပြီး ရန်ကုန်မြို့ရှိ အင်းလျားလိပ်ဟိုတယ်၌ ဆွေးနွေး ညှိနှိုင်းကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် ၂၀၁၃ ခုနှစ် ဇူလိုင် လမှစတင်၍ မဟာဗျူဟာအစီအစဉ် ရေးဆွဲခြင်းလုပ်ငန်းစဉ်ကို စတင် ခဲ့ပြီး နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့ အစည်းများနှင့်ဆွေးနွေးပြီး ၂၀၁၄ ခုနှစ် အစောပိုင်းကာလတွင် ပြီးစီး အောင် ရေးဆွဲကာ ၂၀၁၅ ရွေး ကောက်ပွဲအား လွတ်လပ်ပြီး တရား မျှတအောင် ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း သိရသည်။

ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်မြင့်ကြည် ဦးစီးပြီး ကော်မရှင်၏ အကြီးတန်းဝန်ထမ်းများပါဝင်သည့် မဟာဗျူဟာအစီအစဉ် ရေးဆွဲချမှတ် ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ခြောက်လအတွင်း မဟာဗျူဟာ(၅) နှစ် အစီအစဉ်တစ်ခု ပေါ်ထွက် လာရေး ရည်မှန်းချက်ထားရှိကာ ရွေးကောက်ပွဲစနစ်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာဖောင်ဒေးရှင်း (International Foundation for Electoral Systems - IFES)၏ ပူးပေါင်းကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက် သွားမည်ဖြစ်သည်။

အဆိုပါ မဟာဗျူဟာအစီအစဉ် တွင် ပန်းတိုင်၊ တာဝန်နှင့် လမ်းညွှန် မူဝါဒများ၊ အသေးစိတ်ချမှတ်ထား သည့် မဟာဗျူဟာရည်မှန်းချက်(၁၂) ခုနှင့်အတူ ဌာနတစ်ခုချင်းစီအတွက် တိကျသည့် တာဝန်ဝတ္တရားများ၊ လုပ်ငန်း အစီအစဉ်များနှင့် ဘတ်ဂျက်များ ပါဝင်မည်ဖြစ်သည်။

ထို့အပြင် အဆိုပါ အစီအစဉ် ကို အကောင်အထည်ဖော်မည့် ရွေးကောက်ပွဲကော်မရှင်၏ ရွေး ကောက်ပွဲလုပ်ငန်းစဉ်ကို စဉ်ဆက် မပြတ် စောင့်ကြည့်လေ့လာမည့် ကဏ္ဍတစ်ခုလည်း ပါဝင်မည်ဖြစ် သည်။

အဆိုပါ မဟာဗျူဟာမူကြမ်းကို ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ သည် မှတ်ချက်၊ အကြံဉာဏ်များ ရေးသားပေးပို့ထားသဖြင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးညှိနှိုင်းကြခြင်းဖြစ် သည်။ တွေ့ဆုံညှိနှိုင်းရာမှ အကြံပြု ဆွေးနွေးချက်များကို ကော်မရှင်က ပြန်လည်သုံးသပ်စုစည်းပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလမတိုင်ခင် အချိန်မီ မဟာဗျူဟာစီမံချက်တစ်ခု အပြီးသတ် ရေးဆွဲသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် လူမှုအဖွဲ့အစည်း များမှ တာဝန်ရှိသူများက ဆွေးနွေး တင်ပြကြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက မဲစာရင်းများကို စနစ်ကျစေရန် လူမှုအဖွဲ့အစည်း များက ပူးပေါင်းပါဝင်ဆောင်ရွက် ရန်ဖြစ်ကြောင်း၊ သို့မှသာ ၂၀၁၅ ရွေးကောက်ပွဲသည် စနစ်ကျသည့် ရွေးကောက်ပွဲဖြစ်မည်ဖြစ်ကြောင်း၊ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ အားနည်း ချက်များကို သင်ခန်းစာယူ၍ ကောင်းမွန်အောင် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ မဲစာရင်း အတိအကျရစေရန် ကော်မရှင် ဝန်ထမ်းများကလည်း ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ ကော်မရှင်အနေဖြင့်လည်း ဥပဒေ နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ မသန်စွမ်းသူများ မဲပေးရာ တွင် အဆင်ပြေစေရေးအတွက်လည်း စဉ်းစားထားကြောင်း၊ တိုင်းရင်းသား များအတွက် သက်ဆိုင်ရာဝန်ကြီး ဌာနမှ သတ်မှတ်ထားသည့် လူဦးရေ အပေါ်မူတည်၍ ကိုယ်စားလှယ် သတ်မှတ်ရေးနှင့် မဲပေးခွင့်ရှိရေး ကိုလည်း ဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ ရွေးကောက်ပွဲကော်မရှင် အနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတပြီး ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြောကြား သည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

❒ ကျောဖုံးမှ

အဆိုပါ ပြိုင်ပွဲဝင်မြင်းများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ အကြိုဆန်းစစ်မှုပြုလုပ်ရာတွင် အပြည်ပြည်ဆိုင်ရာ မြင်းစီးအဖွဲ့ချုပ်မှ Dressage(Event Technical Delegate) Ms.Susan က လာရောက် ကြည့်ရှုကာ လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

ထိုသို့ အကြိုဆန်းစစ်မှုများတွင် ဩစတြေးလျနိုင်ငံမှ ပြိုင်ပွဲဝင်မြင်းနှင့် မြန်မာအားကစားသမားတစ်ဦးက အလှစီးဆန်းစစ်မှုများ ပြုလုပ်နေသည်ကို တွေ့ရသည်။

အဆိုပါ မြင်းစီးအားကစားပြိုင်ပွဲအတွက် အကြိုဆန်းစစ်မှုများ ပြုလုပ်ရာတွင် မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိနိုင်ရေးအတွက် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိ ပြီး အမြင့်ခုန် (မြင်းစီး) လေ့ကျင့်မှုများကို နိုဝင်ဘာ ၂၂ ရက်တွင် ဆက်လက် လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းနိုင်(ဇမ္ဗူသီရိ)**

သာစည်မြို့နယ်တွင် လူစီးရထား ဘီးချော်မှုဖြစ်ပွား

မိတ္ထီလာ နိုဝင်ဘာ ၂၁

သာစည်မြို့နယ် လယ်ပြင်ဘူတာနှင့် ပထမလွန်းထိုးဘူတာအကြား မိုင်တိုင်အမှတ်(၃၄၆/၁၆)နှင့် (၃၄၆/၁၇)အကြားတွင် နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီ ၅ မိနစ်ခန့်က အမှတ်(၁၄၃)အဆန် သာစည်-ရပ်စောက် လူစီးရထား ဘီးချော်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ အဆိုပါလူစီးရထားမှ အတွဲအမှတ် BDUE၊ ဘီးအမှတ် (၃/၄)အတွင်းကျ၊ ဘီးအမှတ်(၅/၆) အပြင်ကျ၊ တွဲအမှတ် BDTEZ ဘီး အမှတ်(၁/၂)အတွင်းကျ၊ ဘီးအမှတ်(၇/၈)အပြင်ကျဖြစ်ပြီး ရထားဘီးချော်မှု ဖြစ်ပွားသော်လည်း စက်ခေါင်းမောင်း ဦးမန်းမြင့်နှင့် ရထားဝန်ထမ်းများ၊ ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ရထား ဘီးချော်မှုအား သာစည်မြို့နယ် မီးရထားရုံပိုင်ချုပ် ဦးစိုးတင့်နှင့်အတူ ဝန်ထမ်း ကိုးဦး၊ မြန်မာ့မီးရထား(အောင်ပန်းမြို့)မှ အင်ဂျင်နီယာဦးခင်မောင်အေး နှင့် ဝန်ထမ်းသုံးဦးတို့က ပူးပေါင်းဆောင်ရွက်ပြုပြင်ကြရာ ညနေ ၃ နာရီခွဲ တွင် ယင်းရထားမှာ ခရီးဆက်လက်ထွက်ခွာနိုင်ကြောင်း သိရသည်။ **(၅၇၉)**

စင်ကာပူနိုင်ငံသို့ ထွက်ခွာမည့် သဲတင်သင်္ဘောအား စစ်ဆေး

လောင်းလုံး နိုဝင်ဘာ ၂၁

ထားဝယ်မြစ်ချောင်း ရှင်းလင်းဖော်ဆောင်ရေးလုပ်ငန်းစစ်ဆေးရေး အဖွဲ့မှ ဆိပ်ကမ်းအရာရှိ ဦးဝင်းဖေနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက လောင်းလုံးမြို့နယ် ကျောက်နီမော်ကျေးရွာသို့ ရောက်ရှိ ကြပြီး အသည်းမကျွန်းအနောက်ဘက် ပင်လယ်ပြင်သို့ သွားရောက်၍ ပင်လယ်ပြင်၌ ရပ်နားထားရှိသော စင်ကာပူနိုင်ငံသို့ ထွက်ခွာမည့် TDNFINFDE TROPPTERITY သဲတင်သင်္ဘောအား စစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စစ်ကိုင်းတံတားပေါ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

စစ်ကိုင်း နိုဝင်ဘာ ၂၁

စစ်ကိုင်းမြို့ နိုဝင်ဘာ ၂၀ ရက် ညနေ ၃ နာရီက စစ်ကိုင်းဘက်ခြမ်း ဧရာဝတီတံတားပေါ်တွင် အိမ်ဆောက်ပစ္စည်းများဖြစ်သည့် သံပင်များအဆ မတန်တင်ဆောင်လာခြင်းကြောင့် အပေါ်ဝိတ်မနိုင်ဖြစ်ကာ ကားတစ်စီးလုံး ပက်လက်လန်လဲသွားခဲ့သည်။ **(အောက်ပုံ)**

ဧရာဝတီတံတားပေါ်တွင် ယာဉ်စည်းကမ်းလိုက်နာရန် စည်းကမ်း ချက်များ ထုတ်ပြန်ထားသော်လည်း ကား၊ ဆိုင်ကယ်များ မိုင်ကုန်ဖွင့် မောင်းနေကြခြင်းကြောင့် မကြာခဏယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက် ရှိကြောင်း သိရသည်။ **(နိုင်ဇေယျ)**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ငွေကြေးခဝါချမှုတိုက်ဖျက်ရေးကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၁

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား အာရှ-ပစိဖိတ်ဒေသငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ (APG) ၏ အမှုဆောင်အတွင်းရေးမှူး Mr. Gordon Philip Hook ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ် ရုံးရှိ အပြည်ပြည်ဆိုင်ရာသံတမန်ခန်းမသို့ လာရောက် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် Mr.Gordon Philip Hook က မြန်မာနိုင်ငံ၌ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတို့ကို အတည်ပြု ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သိရှိ လိုသည်များကို မေးမြန်းရာ ပြည်ထောင်စုရှေ့နေချုပ်က ၂၀၁၁ ခုနှစ်တွင် ပြဋ္ဌာန်းသည့် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေအရ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများကပေးပို့လာသော ဥပဒေ(မူကြမ်း)များ အပေါ် စိစစ်သုံးသပ်၍ ဥပဒေအကြံဉာဏ်ပြန်ကြားပေး ရပါကြောင်း၊ မိမိတို့ရုံးအနေဖြင့် ပေးပို့လာသည့် ဥပဒေ (မူကြမ်း)များကို အလျင်မြန်ဆုံးစိစစ်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ပြန်လည်ပေးပို့ရပါကြောင်း၊ ဥပဒေ အတည်ပြု ပြဋ္ဌာန်းနိုင်ရေးကို သက်ဆိုင်ရာဝန်ကြီးဌာနက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ် ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

❍ (၂၇)ကြိမ်မြောက်မှ

တစ်တွဲပါ ပါရှိတယ်လေ၊ ရထားထိန်း တွဲဆိုတာကတော့ ဘရိတ်ဘားပါရှိတဲ့ ဘရိတ်တွဲကိုဆိုလိုတာပါ။ အများ ပြည်သူအတွက်ပိုမိုလုံခြုံစိတ်ချရစေ ပါတယ်။ စက်ခေါင်းကတော့ ပြေးဆွဲ သွားမယ့် ညဘက်အချိန်မှာ ရောက် ရှိလာမှာဖြစ်ပါတယ်" ဟု ရန်ကုန် တွဲပြင်အလုပ်ရုံမှ တာဝန်ရှိသူ ဦးအေးကြူက ရှင်းပြသည်။

(စိုးဝင်း-MLA)

မူးယစ်ဆိုက ဆန့်ကျင်ကြ

မြန်မာနိုင်ငံတွင် ရှေ့ဆောင်ရွက်မည့်လုပ်ငန်းများ ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၁

ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ဦးသူရိန်ဇော်နှင့် အဖွဲ့အား UK ပါလီမန်၏ International Development Committee (IDC) ဥက္ကဋ္ဌ RT.HON. SIR MALCOLM BRUCE MP ဦးဆောင် သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် လွှတ်တော်ဝင်း အတွင်းရှိ ပြည်သူ့လွှတ်တော်ကော်မတီရေးရာဆောင် အမှတ်(၁) ဧည့်ခန်းမ သို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေးညှိနှိုင်း

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးနေသော အင်္ဂလန်နိုင်ငံ၏ အဖွဲ့အစည်းတစ်ခုဖြစ်သည့် Department for International Development (DFID) ၏ မြန်မာနိုင်ငံ တွင် ဆောင်ရွက်နေသော လုပ်ငန်းများ၊ ရှေ့ဆောင်ရွက်မည့်လုပ်ငန်းများ နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရှိရ သည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးချက်လုပ်သောစခန်းပုန်းအား လက်နက်၊ ခဲယမ်းများနှင့်အတူ ဖော်ထုတ်သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၁

ကွတ်ခိုင်မြို့နယ် မုံးစီးဒေသအတွင်း နယ်မြေခံပြည်သူများ၏ သတင်းပေးချက်အရ နိုဝင်ဘာ ၁၉ ရက်မှစတင်၍ နယ်မြေခံတပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဌာနမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်း အဖွဲ့သည် နယ်မြေရှင်းလင်းခြင်း ဆောင်ရွက်စဉ် နိုဝင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် မုံးစီးကျေးရွာ အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာတွင် အဖွဲ့(စိစစ်ဆဲ) အင်အား ၁၀ ဦးခန့်နှင့် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ၎င်းအဖွဲ့များသည် နေရာအသီးသီးသို့ ဖြန့်ခွဲဆုတ်ခွာသွားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မုံးစီးကျေးရွာ အရှေ့ဘက် သုံးမိုင်ခန့်အကွာသို့ရောက်ရှိပြီး ရှင်းလင်းဆောင်ရွက်ခဲ့ရာ ညနေ ၆ နာရီခန့်တွင် ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးချက်လုပ်သည်ဟု ယူဆရသော စခန်းပုန်းတစ်ခုအား တွေ့ရှိသဖြင့် ရှင်းလင်းကြောင်း၊ ထိုသို့ရှင်းလင်းစဉ် လူ ၁၁ ဦးအား အရှင်ဖမ်းဆီးရမိခဲ့ပြီး ပတ်ဝန်းကျင်ကို အသေးစိတ်ရှင်းလင်းခဲ့ရာ နှစ်ထပ်တိုက် အဆောက်အအုံတစ်လုံး၊ တစ်ထပ်တိုက်အဆောက်အအုံတစ်လုံး၊ သွပ်မိုးထရံကာ လူနေအဆောက် အအုံတစ်လုံး၊ သွပ်မိုးထမင်းချက်ဆောင် တစ်လုံးနှင့် လူနေတန်းလျား ယာယီအဆောက်အအုံ တစ်လုံးတို့ကို တွေ့ရှိကာ အဆောက်အအုံများအတွင်းမှ လက်နက်ငယ်မျိုးစုံ ၂၂ လက်၊ ခဲယမ်းမျိုးစုံ ၈၉၇ တောင့်၊ လက်ပစ်ဗုံး ၁၃ လုံး၊ ဗုံးသီး နှစ်လုံး၊ ကျည် အိမ်မျိုးစုံ ၁၉ ခု၊ ညကြည့်မှန်ပြောင်း တစ်ခု၊ အသံတိတ်ကိရိယာတစ်ခု၊ စနိုက်ပါမှန်ပြောင်း တစ်ခု၊ မူးယစ်ဆေးဝါးများဖြစ်သည့် ဘိန်းဖြူ ၆ ဒသမ ၃ ကီလိုဂရမ်၊ ဘိန်းညို ၁၂ ဒသမ ၇ ကီလိုဂရမ်၊ ဘိန်းစိမ်း သုည ဒသမ ၈ ကီလိုဂရမ်၊ ဘိန်းဆီ ခဲ ၃ ဒသမ ၁ ကီလိုဂရမ်၊ ဆေးပြားရိုက်ရန် ဖော်စပ်ထားသော အညိုရောင်မှုန့် ၄ ဒသမ ၅ ကီလိုဂရမ်၊ စိတ်ကြွဆေးပြား ၇၂၀၀၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် ယာဉ်ငယ်တစ်စီး တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၏ စုစုပေါင်းတန်ဖိုးမှာ ၂၇၇ ဒသမ ၁ သန်းခန့်ဖြစ်ကြောင်း နှင့် ဖမ်းဆီးရမိသူများနှင့်ပတ်သက်၍ ဆက်လက်ဖော်ထုတ်စစ်ဆေးလျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သိရ သည်။

(မြဝတီ)

မြန်မာ့ပင်လယ်ပြင် အခြေအနေ

မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက် ပြီး လှိုင်းကြီးမည်။ မိုးသက် လေပြင်းကျစဉ် ရေပြင် မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီး နိုင်မည်။

ပန်းလိုချင် အပင်ပျိုးရသည်

ခင်မောင်ဌေး(ပညာရေး)

လွတ်လပ်ရေးရပြီးကာလက ပါလီမန်ဒီမိုကရေစီ ဆိုသည့် အသံများကြားလိုက်ရသေး၏။ ရောင်နီမပျို့ ခင်မှာပင် ပြယ်လွင့်သွားခဲ့ရသည်။ ၂၀၀၈ ဖွဲ့စည်းပုံအပြီး အရပ်သားအစိုးရတက်လာသောအခါ ဒီမိုကရေစီဆိုသည့် နိုင်ငံရေးဝေါဟာရ ရေပန်းစားလာသည်။ လူသိများလာသည့် အကြောင်းရင်းမှာ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်ဖြင့် ချီတက်ရန် ဦးတည်ပြောင်းလဲခဲ့သောကြောင့် ဖြစ်သည်။

ဒီမိုကရေစီဆိုသည်မှာ စည်းကမ်းစနစ်အပြည့်အဝ ရှိပြီးဖြစ်သည်။ သူ့စည်းသူ့ကမ်း၊ သူ့ဥပဒေ-နည်းဥပဒေများနှင့်အညီ ပြုမူကျင့်ကြံနေထိုင်ရခြင်းပင်ဖြစ်သည်။ အထူးသဖြင့် ပြည်သူ့အများစု၏ ဆန္ဒသဘောထားအသံများကို အလေးဂရုပြု၍ လူနည်းစု၏ သဘောဆန္ဒများကိုလည်း အလေးထားသောစနစ်ဖြစ်သည်။

နိုင်ငံကြီးသားဆိုသည်မှာ ယင်းနိုင်ငံကချမှတ်ထားသော စည်းကမ်းနည်းလမ်းအတိုင်း၊ ဥပဒေ၊ နည်းဥပဒေအတိုင်း တစ်သဝေမတိမ်းလိုက်နာကျင့်ကြံပြုမူနေထိုင်သူများပင်ဖြစ်သည်။ နိုင်ငံကြီးတိုင်း နိုင်ငံကြီးသားမဖြစ်နိုင်။ နိုင်ငံငယ်တိုင်းလည်း မဟုတ်၊ လူတို့၏ ပြုမူကျင့်ကြံနေထိုင်မှုအပေါ်တွင်သာ မူတည်နေခြင်းဖြစ်၏။

ဒီမိုကရေစီသည် လူတိုင်းအား အယုတ်အလတ်အမြတ် မရွေး တူညီမျှသော အခွင့်အရေးကိုပေး၏။ တူညီမျှသော လွတ်လပ်ခွင့်ကိုပေး၏။ မျှတမှုကိုပေး၏။ ဥပဒေကချမှတ်ထားသည့်အတိုင်းလည်း လိုက်နာဆောင်ရွက်ကြရ၏။ တရားဥပဒေသည်လည်း လူတိုင်းအတွက်အညီမျှဆုံးသော အဆုံးအဖြတ်ကို ပေးနိုင်စွမ်းရ၏။ လူတစ်ဦးချင်းဆန္ဒမှသည် လူအများ၏ ဆန္ဒကို လိုက်လျောညီထွေဖြည့်တင်းဆောင်ရွက်ပေးနိုင်၍ သာယာဝပြောသော လူ့ဘောင်ဘဝကို ဖန်တီးပေးနိုင်၏။

သို့သော် ဒီမိုကရေစီစနစ်၏ အဓိကရန်သူမှာ စည်းကမ်းမဲ့ခြင်း၊ စည်းကမ်းဖောက်ခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသည့် ဥပဒေများအား ချိုးဖောက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီနှင့် မျဉ်းတစ်ပြေးသာခြားသောအရာမှာ မင်းမဲ့စရိုက်ပင်ဖြစ်သည်ဟု နိုင်ငံရေးသုတေသီတို့က မှတ်ချက်ပြုကြ၏။

ဒီမိုကရေစီသည် ပြည်သူ့အများ၏ သဘောဆန္ဒနှင့် အညီ ပြည်သူ့တစ်ရပ်လုံး၏ အကျိုးစီးပွားကိုရှေးရှုသည်ဟု ဆိုသော်လည်း လူစုလူအုပ်ဖြင့် အနိုင်ကျင့် ဗိုလ်ကျစိုးမိုးမှုများနှင့်ကြုံလာသောအခါ "ဒါ- ဒီမိုကရေစီလား" ဟုဆိုကြပြန်သည်။ ယာဉ်ထိန်းရဲကွယ်လျှင်ကွယ်သလို ယာဉ်များအပြိုင်အဆိုင်မောင်းခြင်း၊ မီးနီ၊ မီးဝါဖြတ်ခြင်း၊ ယာဉ်ကြောပြောင်းပြန်မောင်းခြင်း စသည်တို့ကိုမြင်သောအခါ "ဒါ-ဒီမိုကရေစီလား" ဟု ပြောကြပြန်သည်။ "အိမ်နောက်ဖေးလမ်းကြားအမှိုက်စွန့်သည်၊ ကားပေါ်မှ ကွမ်းတံတွေးထွေး၏။ အမှိုက်ပစ်ချ၏။ လှပသောနံရံများ ဆေးမင်ကြောင်များသုတ်လိမ်းသည်ကိုမြင်သောအခါ "ဒါ-ဒီမိုကရေစီလား"ဟုဆိုကြပြန်၏။ ရုံးပြင်ကနားသွားသည့်အခါတွင်လည်း ဟောက်စားခြောက်စား မချေမင်ပြုမူမှုများတွေ့ရသည့်အခါ "ဒါ- ဒီမိုကရေစီလား" ဟူ၍ "လား" ပေါင်းများစွာ၊ မေးခွန်းများစွာ ပေါ်ထွက်လာ၏။

စင်စစ် ဒီမိုကရေစီက စည်းကမ်းပြည့်ဝပြီးသားဖြစ်၏။ ယင်းစည်းကမ်းကိုမလိုက်နာနိုင်သည့် လူများကြောင့် ဒီမိုကရေစီ၏စံနှုန်းများပျက်ယွင်းနေခြင်းပင်ဖြစ်သည်။ ဥပဒေကို မလေးစားမလိုက်နာသူများကြောင့် ပို၍ အကျည်းတန်စေခြင်းဖြစ်၏။

ဒီမိုကရေစီခေတ်စနစ်ပြောင်းကာလတွင် ပြည်သူ့တစ်ရပ်လုံးအား" အဆင်သင့်ဖြစ်ပြီလား"ဟု တပ်လှန့်သံကြားရ၏။ အမှန်ဆိုရလျှင် ပြင်တုန်းဆင်တုန်းပင်ဖြစ်၏။ အဆင်သင့်မဖြစ်သေးဟုဆိုရပေလိမ့်မည်။ အဓိက ပြင်ဆင်ရန် လိုအပ်နေသည်မှာ ပြည်သူ့လူထုတစ်ရပ်လုံး၏ စိတ်ဓာတ် (Mind Set) နှင့် ခံယူချက်သဘောထား(Attitude) များပြောင်းလဲနိုင်ရေးပင်ဖြစ်သည်။

အထူးသဖြင့် ပြည်သူ့လူထုတစ်ရပ်လုံးက ဒီမိုကရေစီနှင့်ပတ်သက်၍ နိုင်ငံရေးအသိအမြင်ရေခိုန်မြင့်မားကြဖို့လိုသည်။ အနည်းဆုံးအနေဖြင့် ပြည်သူ့ပြည်သားတစ်ဦး၏ ပါဝင်နေသောနိုင်ငံရေးအခန်းကဏ္ဍကို သိမြင်ကြဖို့ပင်ဖြစ်သည်။ အတွေးအမြင် ဗဟုသုတဆိုသည်မှာ စာဖတ်ခြင်းဖြင့်သာမက ညှိနှိုင်းခြင်း၊ တိုင်ပင်ဆွေးနွေးခြင်း၊ ငြင်းခုံခြင်းတို့မှလည်း ရရှိနိုင်ပါသည်။ အရေးအကြီးဆုံးမှာ နိုင်ငံသားတစ်ဦးချင်းစီ၏စိတ်ထားများ ပြုပြင်ပြောင်းလဲနိုင်ဖို့ပင် ဖြစ်သည်။

ဒီမိုကရေစီထွန်းကားသော တိုင်းပြည်များတွင် ယာဉ်ထိန်းရဲရှိချင်မှရှိပါမည်။ ညအချိန်မတော် ဖြစ်ချင်ဖြစ်မည်။ မီးနီလျှင်မည်သူမျှလမ်းဖြတ်မကူးကြပါ။ မီးစိမ်းမှကူးပါသည်။ ထိုနိုင်ငံမျိုးတွင် အခြားနိုင်ငံသားတစ်ဦးက အမှိုက်ပစ်ချလျှင် ထိုနိုင်ငံသားက သတိပေးပါသည်။ အမှိုက်ပုံးကိုညွှန်ပြပါသည်။ တစ်ကြိမ်၊ နှစ်ကြိမ်ပြော၍ မျှမရလျှင် မပြောတော့ပါ။ ကိုယ်တိုင်အမှိုက်ကောက်၍ အမှိုက်ပုံးထဲထည့်ပါသည်။ မည်သည့်ဆိုင်မျိုးတွင်ဖြစ်ပါစေ တန်းစီ၍ ဝယ်ရလျှင်တန်းစီပါသည်။ ကျော်မတက်ပါ။ လမ်းခုလတ်မှ ဖြတ်၍မဝင်ပါ။ ကြားမဖြတ်ပါ။ မိမိအလှည့်ကို စောင့်ပါသည်။ မည်သည့်နံနှဌာန သွားသည်ဖြစ်စေ အပိုကြေးပေးဆောင်ရန်မလိုပါ။ မိမိတို့ ဖြည့်ဆည်းရမည့် ဝန်ဆောင်မှုကို အပြည့်အဝပေးကြပါသည်။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဆိုသည်မှာ လူတိုင်းကစည်းကမ်းရှိရှိ တာဝန်သိသိဖြင့် ဥပဒေကို တိတိကျကျ လိုက်နာဆောင်ရွက်မှသာ ဒီမိုကရေစီနှင့် ထိုက်တန်မည်ဖြစ်သည်။

ထို့ကြောင့် ဒီမိုကရေစီခေတ်စနစ်သို့ ကူးပြောင်းချိန်တွင် လူတို့သည် ဒီမိုကရေစီ၏အနှစ်အရသာကို ခံစားလိုကြသည်သာဖြစ်သည်။ စင်စစ် ဒီမိုကရေစီဆိုသည်မှာ အလိုလိုဖြစ်ထွန်းပေါ်ပေါက်လာသည့် ပဒေသာပင် မဟုတ်။ ဒီမိုကရေစီဟု ဆိုရုံမျှဖြင့် အရာရာပြီးပြည့်စုံသွားလိမ့်မည်တော့ မဟုတ်။ ပန်းလိုချင်လျှင် အပင်ပျိုးရပါသည်။ မည်သို့သောအပင်ကိုမျှ မပျိုးဘဲနှင့် မည်သည့်ပန်းမျိုးကိုမျှ ရနိုင်မည် မဟုတ်။ ထို့အတူ ဒီမိုကရေစီကိုလိုချင်လျှင် ပြည်သူ့လူထုတစ်ဦးချင်းစီ၏ တာဝန်သိမှု၊ တာဝန်ယူမှု၊ စည်းကမ်းလိုက်နာမှု၊ တရားဥပဒေကို လေးစားတန်ဖိုးထားစောင့်ထိန်းမှုစသည့် လူမှုကျင့်ဝတ်ကောင်း၊ ဝန်ထမ်းကောင်းများဖြင့် ပြုစုပျိုးထောင်၊ မြေတောင်မြှောက်ပေးနိုင်မှ ဒီမိုကရေစီ၏ အနှစ်အရသာများကို ပြည့်ပြည့်ဝဝခံစားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

အမျိုးသားနေ့

ကိုယ့်ထီးကိုယ့်နန်းကိုယ့်ပလ္လင်
ကိုယ့်ဘုရင်နဲ့နေလာစဉ်၊
နယ်ချဲ့စစ်ဆင်သုံးကြိမ်စစ်
သူ့ကျွန်အမှန်ဖြစ်၊
စုလစ်အရှင်ပါတော်မူ
ကြိမ်မီးအုံးကာနှလုံးဆူ၊
ယဉ်ကျေးမှုပျောက် စာပေပျောက်
သူ့ကျွန်ဘဝရောက်၊
နောက်တန်းရောက်တဲ့မြန်မာ့ပညာ
တိမ်ကောခဲ့ရရှာ၊
စာရေးစာချီဝန်ထောက်များ
ကျွန်ပညာကမွေးထုတ်ထား၊
ကုန်ထုတ်စွမ်းအားခေတ်ပညာ
ကျွန်ပညာကမပေးပါ၊
အရေးဆိုတာရဲရဲတောက်
ကျွန်အက်ဥပဒေသပိတ်မှောက်၊
အုံ့လောက်ဖွယ်ရာပေါ်ထွက်လာ
အမျိုးသားကျောင်းများပါ၊
မြန်မာမျိုးချစ်ဇာတိသွေး
ထွန်းညှိလင်းရောင်ပေး၊
ဇာတိသွေးတို့ဘဝဂ်လျှံ
လွတ်လပ်ပန်းကိုဆင်မြန်းရန်၊
ဥဒါန်းမကျေဘယ်မမေ့
အမျိုးသားအောင်ပွဲနေ့။ ။

သန်းစိုးအောင်

တတိယအကြိမ်မြောက် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၁

တတိယအကြိမ်မြောက် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် (THIRD GREEN ECONOMY GREEN GROWTH FORUM) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(မြန်မာ)ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E. Mr. Robert Chua နှင့် နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော်နေသော မူဝါဒများ၊ ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်ရေးအတွက် အစိမ်းရောင် စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုများကို မလွဲမသွေ အကောင်အထည်ဖော်ကြရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့ပါးရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည့် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန် နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်မှာကြားခဲ့ကြောင်း၊ မြန်မြန်ဖွံ့ဖြိုးအောင် အရင်လုပ်၊ သန့်ရှင်းဖို့ကနောင်မှ ဆိုသည်ဟူသော အယူအဆကြောင့် ကမ္ဘာကြီး၏အပူချိန် သိသာစွာမြင့်တက်လာမှုနှင့်အတူ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို မနှစ်မြို့စွာ ခံစားနေကြရပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးတိုးတက်ပြီး တိုးတက်ဆဲနိုင်ငံများ၏ မှားခဲ့သောအမှားများအား မိမိတို့အနေဖြင့် ထပ်မမှားရအောင် သင်ခန်းစာယူကြရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဟဇာတဖြစ်စေသော ဟန်ချက်ညီညီသွားနိုင်မည့် စီးပွားရေးပုံစံလမ်းကြောင်းမှတစ်ဆင့် ရေရှည်ဖွံ့ဖြိုးတိုးတက်နေသော မြန်မာ့လူ့အဖွဲ့အစည်းအဖြစ် ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ Moving forward and, faster (ရှေ့သို့တက်၊ မြန်မြန်လှမ်း)နှင့်အညီ အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျင်မြန်စွာရှေ့သို့ တက်လှမ်းနိုင်ရန် ဆွေးနွေးပွဲ၏ရလဒ်များက အင်အားများ ဖြစ်မည်ဟု ယုံကြည်ပါကြောင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်နိုင်နှင့် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (မြန်မာ)ဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က အမှာစကားပြောကြားကြပြီး တတိယအကြိမ်မြောက် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် (THIRD GREEN ECONOMY GREEN GROWTH FORUM)ကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်မီးလင်းရေး အထောက်အကူပြုပစ္စည်းနှင့် စက်မှုထုတ်ကုန်ပစ္စည်းပြပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာတိုင်းမီးလင်းနိုင်ရေး မိမိတို့ဒေသနှင့် ကိုက်ညီသင့်တော်မည့် နည်းလမ်းများဖြင့် မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် "ကျေးလက်မီးလင်းရေး အထောက်အကူပြုပစ္စည်းနှင့်စက်မှုထုတ်ကုန်ပစ္စည်းပြပွဲ အထက်မြန်မာပြည်(မန္တလေး)" ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်တက်ရောက်ပြီး ဆိုလာမီးလုံးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါပြပွဲတွင် မီးလင်းရေးဆောင်ရွက်လိုမှုများအတွက် နည်းလမ်းများကို ရှင်းလင်းပြသခြင်း၊ လုပ်ဆောင်လိုမှုကိစ္စအဝဝတို့အား (One Stop Service)ဖြင့် တစ်ပါတည်းလုပ်ဆောင်ပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ပြပွဲသို့ ပြည်တွင်းကုမ္ပဏီ ၂၁ ခုမှ ပြခန်း ၃၄ ခန်း၊ ပြည်ပကုမ္ပဏီနှစ်ခုမှ ပြခန်း ၈၊ခန်း၊ ဌာနဆိုင်ရာများမှ ဖွင့်လှစ်ပြသသည့်ပြခန်း ၂၀ စုစုပေါင်း ပြခန်းပေါင်း ၅၉ ခန်းတို့က မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အား ရယူခြင်း၊ Solar System မှ လျှပ်စစ်ဓာတ်အားရယူခြင်း၊ Gassified စနစ်ဖြင့် လျှပ်စစ်ဓာတ်အားရယူခြင်း၊ Bio gas ဖြင့် လျှပ်စစ်ဓာတ်အား ရယူခြင်း၊ အသေးစားရေအား လျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားရယူခြင်း၊ ဒီဇယ်အင်ဂျင်ဖြင့် လျှပ်စစ်ဓာတ်အား ရယူခြင်းများကို ပြသခဲ့ပြီး ပြပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၃ ရက် အထိ နံနက် ၆ နာရီမှ ညနေ ၅ နာရီ အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(အေးမြ-မန္တလေး)

လျှပ်စစ်မီးလင်းရေး ငွေလျှုဒါန်းပွဲနှင့် လူနာတင်ယာဉ်တစ်စီး လျှုဒါန်းပွဲကျင်းပ

ရေဦး နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် အောင်ဇမ္ဗူတောရမွမ်ရိပ်သာ ပဓာနနာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတဝံသ၏ မွေးရပ်ဇာတိမြေဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ပန်းကုံးကျေးရွာအတွက် လူနာတင်ယာဉ်တစ်စီးနှင့် လျှပ်စစ်မီးလင်းရေးအတွက် ငွေလျှုဒါန်းပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားကို ကျောင်းတိုက်ပေါင်း ၂၀ မှ ပင့်သံဃာအပေါ်း ၂၀၀ တို့အား ဆွမ်း၊ သက်နှိုး၊ ဝတ္ထုငွေများဖြင့် ဆက်ကပ်လျှုဒါန်းကာ ဖွင့်လှစ်ပြီး ကျေးရွာလျှပ်စစ်မီးလင်းရေးတွင် အသုံးပြုရန် ထရန်စဖော်မာအတွက် ငွေကျပ် ၃၅ သိန်းနှင့် ကျေးရွာလူမှုကူညီရေးအသင်းအတွက် ငွေကျပ် ၆၅ သိန်း တန်ဖိုးရှိ လူနာတင်ယာဉ်တစ်စီးကို ဆရာတော်ကြီးကိုယ်စား တာဝန်ရှိသူတစ်ဦးက လျှုဒါန်းခဲ့သည်။ ထို့နောက် သံဃာအပေါ်း ၂၀ အား ဆွမ်းဆန်စိမ်းလောင်းလျှုခြင်း၊ ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးခြင်းတို့ဖြင့် ကုသိုလ်ပြုလျှုဒါန်းခဲ့ကြောင်း သိရသည်။

(ခင်မျိုးနိုင်-ကြေးမုံ)

ပညာရေးဝန်ကြီးဌာန
ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများ ရွေးချယ်ရေးအစီအစဉ် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ် ပထမနှစ်သင်တန်းသားများသို့ လျှောက်ထားရန် ထပ်မံခေါ်ယူခြင်း

၁။ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများအနက် ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များတွင် အထူးပြုလေ့လာလိုသူများအား ထူးချွန်ပညာရှင်များဖြစ်လာရန် ပြုစုပျိုးထောင်သွားမည်ဖြစ်ပါသည်။ ကမ္ဘာ့အဆင့်မီ တက္ကသိုလ်များနှင့်ချိတ်ဆက်၍ ပါရဂူဘွဲ့ရမြန်မာပညာရှင်များ နှစ်စဉ်မွေးထုတ်ရန် မျှော်မှန်းပါသည်။

၂။ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ပါ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ဘာသာရပ်တစ်ခုစီတွင် ထူးချွန်ကျောင်းသား (၁၅) ဦးလက်ခံခဲ့ပြီးသော်လည်း ထပ်မံလျှောက်ထားလိုသူများရှိကြောင်း သိရှိရပါ၍ ဘာသာရပ်တစ်ခုစီတွင် (၅၀)ဦးအထိ တိုးချဲ့လက်ခံမည် ဖြစ်ပါသည်။

၃။ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားမည့်ဘာသာရပ်အလိုက် ရရှိရမည့် ဘာသာရပ်အနိမ့်ဆုံးရမှတ် ကန့်သတ်ခြင်းမပြုဘဲ စုစုပေါင်းရမှတ် များ/နည်းအလိုက် ရွေးချယ်မည်ဖြစ်ပါ၍ မိမိကြိုက်နှစ်သက်သည့် ဘာသာရပ်များ ကို လျှောက်ထားနိုင်ခွင့်ရှိပါသည်။

၄။ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်အရ ထူးချွန်ကျောင်းသားအဖြစ် လျှောက်ထားပြီး ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များသို့ ဘာသာရပ်အလိုက် ဝင်ခွင့်ရရှိသူများစာရင်းကို ဝင်ခွင့်ရရှိသူ ကျောင်းသားများထံသို့ အကြောင်းကြားပြီးဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင်လည်း ကြေညာထားပြီး ဖြစ်ပါသည်။

၅။ ထူးချွန်ကျောင်းသားအဖြစ် ဝင်ခွင့်ရရှိပြီးသူများသည် ထပ်မံလျှောက်ထားရန် မလိုပါ။ သို့သော် ဘာသာရပ်ပြောင်းလဲလျှောက်ထားလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၊ ရုံးချုပ်၊ ရန်ကုန်မြို့တွင် ပြန်လည်လျှောက်ထားနိုင်ပါသည်။ ဝင်ခွင့်မရခဲ့သူများ ထပ်မံလျှောက်ထားနိုင်သည်။

၆။ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်ထူးချွန်လျှောက်ထားလိုသူများ (ယခင်လျှောက်ထားခဲ့ပြီး ဝင်ခွင့်မရခဲ့သူများအပါအဝင်)သည် ပူးတွဲလျှောက်လွှာပုံစံပါ အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်၍ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၊ ရုံးချုပ်၊ သထုံလမ်း၊ ကမာရွတ်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့သို့ ၉-၁၂-၂၀၁၃ ရက်အရောက် နောက်ဆုံးထား၍ တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်း မူရင်း သို့မဟုတ် မိတ္တူနှင့်အတူ လျှောက်ထားရပါမည်။ သတ်မှတ်ရက်ထက် နောက်ကျလက်ခံရရှိသော လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

၇။ ဝင်ခွင့်ရသူများစာရင်းကို ၁၆-၁၂-၂၀၁၃ ရက်တွင် ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကြေညာထားမည် ဖြစ်ပါသည်။

၈။ လျှောက်ထားနိုင်သည့် ဘာသာရပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

၁။ ရူပဗေဒ	၁၁။ သမိုင်း
၂။ ဓာတုဗေဒ	၁၂။ စိတ်ပညာ
၃။ သင်္ချာ	၁၃။ ဒဿနိကဗေဒ
၄။ သတ္တဗေဒ	၁၄။ မနုဿဗေဒ
၅။ ရုက္ခဗေဒ	၁၅။ ရှေးဟောင်းသုတေသနပညာ
၆။ ဘူမိဗေဒ	၁၆။ မြန်မာစာ
၇။ ကုန်ထုတ်ဓာတုဗေဒ	၁၇။ အင်္ဂလိပ်စာ
၈။ နိုင်ငံတကာဆက်ဆံရေးပညာ	၁၈။ အရှေ့တိုင်းပညာ
၉။ ဥပဒေပညာ	၁၉။ ကွန်ပျူတာသိပ္ပံ
၁၀။ ပထဝီဝင်	၂၀။ နိုင်ငံရေးသိပ္ပံ

၉။ ဆက်သွယ်မေးမြန်းလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၊ ရုံးချုပ်၊ တယ်လီဖုန်းနံပါတ်-၅၂၅၆၁၂၊ ၅၀၃၂၈၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဦးကွန္ဒ
တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
သထုံလမ်း၊ ရန်ကုန်မြို့

ဓာတ်ပုံ

ရက်စွဲ၊. . . . . .

အကြောင်းအရာ။ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ် ထူးချွန်သင်တန်းသားအဖြစ် တက်ရောက်ခွင့်လျှောက်ထားခြင်း

၁။ အမည် - . . . . . .
၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - . . . . . .
၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်သည့်ခုနှစ် - . . . . . .
၄။ စာစစ်ဌာန - . . . . . .
၅။ တက္ကသိုလ်ဝင်စာမေးပွဲအောင်သည့်ခုံအမှတ် - . . . . . .
၆။ ဘာသာရပ်နှင့်ရမှတ် - မြန်မာစာ . . . . . .
အင်္ဂလိပ်စာ . . . . . .
သင်္ချာ . . . . . .
. . . . . .
. . . . . .
. . . . . .
စုစုပေါင်းရမှတ် . . . . . .

၇။ မူလဝင်ခွင့်ရရှိသည့် တက္ကသိုလ်/ဘာသာရပ်
. . . . . .

၈။ လျှောက်ထားလိုသည့် ဘာသာရပ်၊ တက္ကသိုလ်

ဘာသာရပ်	တက္ကသိုလ်
(၁)	. . . . .
(၂)	. . . . .
(၃)	. . . . .
(၄)	. . . . .
(၅)	. . . . .

၉။ ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်
. . . . . .
. . . . . .

မိဘ/အုပ်ထိန်းသူလက်မှတ် - . . . . . လျှောက်ထားသူလက်မှတ် - . . . . . .
အမည် - . . . . . အမည် - . . . . . .

The Hobbit ဒုတိယမြောက်ဇာတ်ကား ဒီဇင်ဘာလတွင် ထွက်ရှိမည်



၂၀၁၂ ခုနှစ်က ထွက်ရှိခဲ့သည့် The Hobbit: An Unexpected Journey ဇာတ်ကား၏ နောက်ဆက်တွဲ The Hobbit: The Desolation Of Smaug ဇာတ်ကားကို ဒီဇင်ဘာ ၉ ရက်တွင် ကမ္ဘာတစ်ဝန်းသို့ စတင်ပြသမည်ဖြစ်ပြီး ဥရောပသားတို့အတွက် အမြည်းအနေဖြင့် ဂျာမနီနိုင်ငံတွင် အစမ်းပွဲစတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ပရိသတ်များက ယင်းဇာတ်ကားကို လန်ဒန်၌ စတင်ပြသမည်ဟု မျှော်လင့်ထားသော်လည်း ဇာတ်ကားတွင် ပါဝင်သောသရုပ်ဆောင်များနှင့် နယူးဇီလန်အခြေစိုက်ရုပ်ရှင်ထုတ်လုပ်သူများက လော့စ်အိန်ဂျလိစ်၊ နယူးယောက်နှင့် လန်ဒန်မြို့များတွင် တစ်ပြိုင်နက်ပြသကာ ပရိသတ်များနှင့်တွေ့ဆုံပွဲများပြုလုပ်လိုသဖြင့် ယခုကဲ့သို့စီစဉ်ရခြင်း ဖြစ်သည်ဟု ဆိုသည်။

The Hobbit ဇာတ်လမ်းတွဲများသည် ၁၉၃၇ ခုနှစ်က စာရေးဆရာ J. R. R. Tolkien ၏ ဝတ္ထုများကို အခြေခံထားသည့် ဇာတ်ကားများဖြစ်ကာ ၂၀၁၂ ခုနှစ်က ပထမဇာတ်ကား၊ ၂၀၁၃ ခုနှစ်တွင် ဒုတိယဇာတ်ကားတို့ကို ပြသမည်ဖြစ်ကာ ၂၀၁၄ ခုနှစ်တွင် ဇာတ်သိမ်း There and Back Again တို့ ထွက်ရှိလာမည်ဖြစ်သည်။

ကနေဒါမင်းသမီး နှင့်အတူ သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားသည့် ယင်း The Hobbit: The Desolation Of Smaug ဇာတ်ကားကို Warner Bros. Pictures ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒီဇင်ဘာလတွင် ဖြန့်ချိပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင် - စုစည်းရေးသားသည်

ကျောက်တန်းမြို့နယ် ဇမ္ဗူဥသျှောင် ပညာရေးကျောင်းနှင့် စာကြည့်တိုက်များသို့ လျှုပ္ပယ်ပစ္စည်းများ၊ အလျှုဒွေနှင့် စာအုပ်စာစောင်များ ပေးအပ်လျှုဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့သို့ ပူးပေါင်း၍ ကျောက်တန်းမြို့နယ် ညောင်ပိုင်းကျေးရွာအုပ်စု မြိုင်သာယာ(၁) ဇမ္ဗူဥသျှောင် ပရဟိတသီလရှင်သင်ပညာရေးကျောင်းသို့ ဆွမ်းဆန်တော်နှင့် ဆီ၊ ဆန်လျှုဖွယ်ပစ္စည်းများ ဆက်ကပ်လျှုဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနကြီးအဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မြင်ငင်းက လျှုဒါန်းရခြင်းအကြောင်းရှင်းလင်းဆွေးနွေးပြီး ဘဏ္ဍာရေးရာဌာနကြီး၊ ပြန်ကြားရေးရာဌာနကြီး၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့နှင့် အမျိုးသမီးလူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့တို့က အလျှုဒွေနှင့် ဆန်၊ ဆီ လျှုဖွယ်ပစ္စည်းများကို ဆက်ကပ်လျှုဒါန်းကြသည်။ အဆိုပါလျှုဒါန်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ငွေပဒေသာပင် ငွေကျပ် သုံးသိန်းအပါအဝင် ငွေကျပ် ၅၂၀၀၀၀၊ ဆန်၊ ဆီလျှုဖွယ်ပစ္စည်းမျိုးစုံ ၁၁ သိန်းခန့်ဖြစ်ပြီး လျှုဒါန်းမှု တန်ဖိုး ငွေကျပ် ၁၆ သိန်းကျော် ဖြစ်သည်။

ဆက်လက်၍ အဆိုပါအဖွဲ့သည် ကျောက်တန်းမြို့နယ် မြိုင်သာယာ(၁) အလင်းတန်းသုတရိပ်မြို့ စာကြည့်တိုက်သို့ အလျှုဒွေကျပ် ၁၂၀၀၀၀၊ ဘဏ္ဍာရေးဌာနကြီးမှ ငွေကျပ် ၂၄၂၅၀၀ တန်ဖိုးရှိ စာအုပ်မျိုးစုံ ၂၀၀၊ ပြန်ကြားရေးရာဌာနကြီးမှ တန်ဖိုး နှစ်သိန်းခန့်ရှိ စာအုပ်မျိုးစုံ ၂၀၀ တို့ကို ပေးအပ်လျှုဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်က လက်ခံသည်။ အဆိုပါအဖွဲ့သည် သန်လျင်မြို့နယ် ကျောက်ရေတွင်းကျေးရွာ စာပေဥယျာဉ် စာကြည့်တိုက်သို့ လျှုဒါန်းငွေကျပ် ၁၅၀၀၀၀၊ ဘဏ္ဍာရေးရာဌာနကြီးမှ လျှုဒါန်းငွေကျပ် ၂၄၂၅၀၀ တန်ဖိုးရှိ စာအုပ်မျိုးစုံ ၂၀၀၊ ပြန်ကြားရေးရာဌာနကြီးမှ တန်ဖိုးငွေကျပ် နှစ်သိန်း တန်ဖိုးရှိ စာအုပ်မျိုးစုံ ၂၀၀ တို့ကို ပေးအပ်လျှုဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးဝင်းဌေးက လက်ခံကြောင်း သိရသည်။

(သတင်းစဉ်)

ဖန်သားပြင်ပေါ်တွင် ပေါ်ထွက်လာခြင်းမရှိဘဲ အကောင်းဆုံးမင်းသမီးဆုရရှိခဲ့သူ စကားလက်ဂျိုဟန်ဆန်

ယခုနှစ်၏ ရောမရုပ်ရှင်ပွဲတော်ဆုပေးပွဲအခမ်းအနားတွင် အမေရိကန်မင်းသားနှင့် မင်းသမီးများဖြစ်ကြသည့် Matthew McConaughey နှင့် စကားလက်ဂျိုဟန်ဆန်တို့က အကောင်းဆုံးမင်းသားနှင့် မင်းသမီးဆုများကို အသီးသီးရယူသိမ်းပိုက်နိုင်ခဲ့ကြသည်။

မင်းသမီး၊ မော်လ်ဒယ်နှင့်သရုပ်ဆောင်တစ်ဦးဖြစ်သူ စကားလက်ဂျိုဟန်ဆန်သည် စပိုက်ဂျုန်းစ်၏ Her ဇာတ်ကား၌ ဖန်သားပြင်တွင် တစ်ခန်းမျှထွက်ပေါ် လာခြင်းမရှိဘဲ အသံဖြင့်သာ သရုပ်ဆောင်ခဲ့သော်လည်း အကောင်းဆုံး မင်းသမီးဆု ဆွတ်ခူးရရှိခဲ့သည်။

Her ဇာတ်ကားသည် စိတ်ကူးယဉ်သိပ္ပံအချစ်ဇာတ်ကားဖြစ်ပြီး ယင်းဇာတ်ကားတွင် ထူးခြားသည့် ကွန်ပျူတာ စနစ်တစ်ခုကိုအသုံးပြုကာ အမျိုးသမီးအသံထွက်လာအောင် တီထွင်ဖန်တီးသည့် အမျိုးသားတစ်ဦးအကြောင်းကို ပုံဖော်ထားသည့် ဇာတ်ကားတစ်ကားဖြစ်ကာ အဆိုပါဇာတ်ကား၏ ရိုက်ကူးရေးနှင့် ဇာတ်ညွှန်းပိုင်းဆိုင်ရာများမှာ စပိုက်ဂျုန်းစ်၏ တစ်ကိုယ်တော်လက်ရာများဖြစ်ကြောင်း သိရသည်။



ကန်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်နီးကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၆)၊ မြေကွက်အမှတ်(၂/စ)၊ မြေကွက်တည်နေရာအမှတ်(၆/ဂ)၊ သံသုမာလမ်း(၄/က)ရပ်ကွက်၊ သယ်နီးကျွန်းမြို့နယ်၊ ဗုဒ္ဓသာသနာပြု မေတ္တာယျသက်သတ်လွတ်ဘုရားကျောင်း လူမှုရေးအသင်း ဗုဒ္ဓသာသနာ ပြု(စိန်ဟွာ) သက်သက်လွတ်ဘုရားကျောင်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဗုဒ္ဓသာသနာပြု မေတ္တာယျ သက်သတ်လွတ်ဘုရားကျောင်းလူမှုရေးအသင်း ဗုဒ္ဓသာသနာပြု(စိန်ဟွာ)မြေကို အသင်းအဖွဲ့ ဖွဲ့စည်းခွင့်လက်မှတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ထောက်ခံချက်နှင့် အသင်း၏အစည်းအဝေး ဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူ ဦးစီဟန်(ခ)ဦးမြင့်ဝင်း(ကိုယ်စား)SPအမှတ် ၂၄၆၃၃/၂၉-၁၂-၂၀၁၁ ဖြင့် Sp ရသူ ဦးလှအောင်[၁၂/လမန(နိုင်)၁၂၉၅၂]မှ အရောင်း မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဗြိုပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးရီးအောရင်ခုန်သံ - ၁၃

စီးရီးအေပွဲစဉ် ၁၃ ကိုနိုဝင်ဘာ ၂၃၊ ၂၄၊ ၂၅၊ ၂၆ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာပွဲစဉ် (၁၂)တုန်းက ဂျူဗင်တပ်ကို အရေးနိမ့်ခဲ့ရတဲ့ နာပိုလီနဲ့နှစ်ပွဲဆက် သရေကျခဲ့ရတဲ့ရိုမာတို့အနေနဲ့ နိုင်ပွဲပြန်လည်ရှာဖွေသွားနိုင်မလားဆိုတာကို စိတ်ဝင်တစားနဲ့ စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။

ဗီရိုနာ - ဒီယေပို ည ၁၁း၃၀ (၂၃-၁၁-၁၃)

ဗီရိုနာဟာခြေမဆိုးသလို အိမ်ကွင်းပွဲတိုင်း အနိုင်ရထားတဲ့အသင်းပါ။ ဒီယေပိုက အမှတ်ပေးဇယားအောက်ဆုံးမှာရှိနေပြီး အဝေးကွင်းမှာလည်း နိုင်ပွဲမရသေးပါဘူး။ နောက်ဆုံး ငါးပွဲမှာ သုံးပွဲအထိ အနိုင်ရထားတဲ့ဗီရိုနာရဲ့ခြေကလည်း တည်ငြိမ်မှုရှိတာကြောင့် ဒီပွဲမှာ ဗီရိုနာနဲ့ပဲ ရပ်တည်ရဖို့ရှိတယ်။

အေစီမီလန် - ဂျီနိုအာ နံနက် ၂း၁၅ (၂၄-၁၁-၁၃)

အေစီမီလန်ရဲ့ခြေက တည်ငြိမ်မှုလုံးဝမရှိပါဘူး။ ဒဲ့အပြင် ဒီပွဲအပြီးမှာ ကစားရမယ့် ချန်ပီယံလီဂ်ကလည်းနိုင်ပွဲလိုအပ်နေတဲ့ပွဲဖြစ်တယ်။ ဂျီနိုအာက နောက်ဆုံး ငါးပွဲမှာ လေးပွဲအထိအနိုင်ရထားတဲ့ အသင်းပါ။ အေစီမီလန်တို့ အိမ်ကွင်းဖြစ်ပေမယ့် ရှန်းကန်ရနိုင်ပြီး နိုင်ရင်တောင်မပြတ်သားနိုင်ဘူး။

နာပိုလီ - ပါမား နံနက် ၂း၁၅ (၂၄-၁၁-၁၃)

ဂျူဗင်တပ်ကို ရှုံးခဲ့တဲ့အတွက်နာပိုလီတို့ နိုင်ပွဲရအောင်ကြိုးစားလာမှာဖြစ်တယ်။ ဒါပေမယ့်ဒီပွဲအပြီးမှာဒေါ့မွန်နဲ့အရေးပါတဲ့ ချန်ပီယံလီဂ်ပွဲကစားရဖို့ရှိတယ်။ ပါမားအားနည်းပေမယ့် နာပိုလီတို့ကပ်ပြီးသာ အနိုင်ရဖို့ရှိတယ်။

လီဗော်နို - ဂျူဗင်တပ် ည ၈း၃၀ (၂၄-၁၁-၁၃)

ဂျူဗင်တပ်ဟာ ချန်ပီယံလီဂ်မှာမဖြစ်မနေအနိုင်ကစားရမယ့် အခြေအနေမှာရှိပါတယ်။ ဒါကြောင့် ဒီပွဲမှာခြေကုန်ထုတ်ဖို့ဆိုတာ အခက်အခဲတွေနဲ့ ရင်ဆိုင်လာရမှာပါ။ ဒါပေမယ့်လီဗော်နိုကလည်း နောက်ဆုံး ငါးပွဲမှာ တစ်ပွဲသာ နိုင်ထားတဲ့အသင်းပါ။အဝေးကွင်းဖြစ်ပေမယ့် ဂျူဗင်တပ်ကပ်နိုင်မယ်။

ဆမ်ဒိုးရီးယား - လာဇီယို ည ၈း၃၀ (၂၄-၁၁-၁၃)

ဆမ်ဒိုးရီးယားက သုံးပွဲဆက်အရှုံးနဲ့ခြေကျနေတယ်။ လာဇီယိုက နောက်ဆုံး သုံးပွဲဆက်အနိုင်မရခဲ့ဘူး။ ဒဲ့အပြင် အဝေးကွင်းမှာလည်း အနိုင်မရသေးတာကိုတော့ သတိပြုရမယ်။ဒါကြောင့် ဆမ်ဒိုးရီးယားခြေအားနည်းတာ မှန်ပေမယ့် လည်း ဒီပွဲမှာတော့သရေလောက်ကစားသွားနိုင်ဖို့ရှိတယ်။

ဆာဆူအိုလို - အတ္တလန္တာ ည ၈း၃၀ (၂၄-၁၁-၁၃)

ဆာဆူအိုလိုဟာ ခြေစွမ်းပိုင်းအရ သာမန်သာရှိတဲ့အသင်းပါ။ ခုနောက်ပိုင်းမှာ ကစားပုံအနည်းငယ်ကောင်းလာတာတော့မှန်တယ်။ ဒါပေမယ့် အတ္တလန္တာက လည်းနောက်ဆုံး သုံးပွဲမှာ တစ်ပွဲသာရှုံးခဲ့တဲ့ အသင်းဖြစ်တယ်။ အတ္တလန္တာ ခြေကလည်း သာမန်သာရှိပေမယ့် ဒီ ပွဲမှာသရေလောက်တော့ ကစားနိုင်မှာပါ။

တိုရီနို - ကာတာနီးယား ည ၈း၃၀ (၂၄-၁၁-၁၃)

တိုရီနိုဟာခုနောက်ပိုင်းခြေကျနေပြီးနောက်ဆုံး ငါးပွဲဆက်တိုက် အနိုင်မရခဲ့ပါဘူး။ ဒါပေမယ့် အိမ်ကွင်းဖြစ်တယ်။ ကာတာနီးယားကလည်း တန်းဆင်းဇုန်အတွင်း ရောက်နေတဲ့အထိ ခြေပျက်နေပြီး အဝေးကွင်းပွဲတိုင်း ရှုံးထားတယ်။ ဒါကြောင့် အိမ်ကွင်းအားရှိတဲ့ တိုရီနိုနဲ့ ရပ်တည်ရဖို့ရှိတယ်။

အူဒီးနီးစ် - ဗီယိုရင်တီနာ ည ၈း၃၀ (၂၄-၁၁-၁၃)

နောက်ဆုံး ငါးပွဲမှာ လေးပွဲအထိအနိုင်ရထားတဲ့ဗီယိုရင်တီနာခြေက အကောင်းဆုံးပုံစံမှာရှိတယ်။ အူဒီးနီးစ်ကနောက်ဆုံး ၅ ပွဲမှာ ၄ ပွဲအထိ ရှုံးထားတဲ့အသင်းပါ။ အူဒီးနီးစ်ကွင်းဖြစ်ပေမယ့် ဒီခြေအရ ဗီယိုရင်တီနာကိုထိန်းချုပ်ဖို့ခက်ပါတယ်။ အဝေးကွင်းမှာ ဗီယိုရင်တီနာပဲ အနိုင်ရသွားမှာပါ။

ဘလော့ညာ - အင်တာ နံနက် ၂း၁၅ (၂၅-၁၁-၁၃)

အင်တာမီလန်ဟာ နောက်ဆုံး ၅ ပွဲဆက်အရှုံးမရှိခဲ့ပါဘူး။ ဘလော့ညာက အခုနောက်ပိုင်းမှာ ခြေအနည်းငယ်ကျသွားပြီး နှစ်ပွဲဆက်အနိုင်မရခဲ့ဘူး။ အင်တာမီလန်အနေနဲ့ ဥရောပပွဲလည်းကစားဖို့မရှိတာကြောင့် ဒီပွဲကို အားစိုက်မှာပါ။ အင်တာမီလန်ကပဲအဝေးကွင်းမှာ အနိုင်ရသွားဖို့ရှိပါတယ်။

ရိုမာ - ကယ်ဂလီယာရီ နံနက် ၂း၁၅ (၂၆-၁၁-၁၃)

နှစ်ပွဲဆက်သရေကျခဲ့တဲ့အတွက် ရိုမာတို့အနိုင်ပြန်ရှာမှာပါ။ ဥရောပပွဲမရှိသလိုအိမ်ကွင်းလည်းဖြစ်တယ်။ ကယ်ဂလီယာရီက နောက်ဆုံးပွဲမှာအနိုင်ရခဲ့ပေမယ့်လည်း အဝေးကွင်းမှာအနိုင်မရှိသေးပါဘူး။ ဒီခြေအရ ရိုမာကို အဝေးကွင်းမှာ တုံ့ပြန်ဖို့ခက်ခဲပါတယ်။ ရိုမာနဲ့ပဲ ရပ်တည်ရမယ့်ပွဲပါ။

ရှိုင်းမင်းမင်း

ငွေကြယ်

ဥရုဂွေးအသင်း ကမ္ဘာ့ဖလားဝင်ခွင့်ရ

ဥရုဂွေးအသင်းနှင့် ဂျော်ဒန်အသင်းတို့သည် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်အတွက် ရှုံး/ထွက် ပွဲစဉ်ဒုတိယ အကျော့်ကို ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေဖြစ်ခဲ့သော်လည်း ပြီးခဲ့သည့် သီတင်းပတ်က ဂျော်ဒန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပထမအကျော့ပွဲစဉ်တွင် ငါးဂိုး-ဂိုးမရှိဖြင့် ဥရုဂွေးအသင်းက အနိုင်ရရှိထားခြင်းကြောင့် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရလဒ်ထွက်ပေါ်ကာ ဥရုဂွေးအသင်းသည် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားဝင်ခွင့်လက်မှတ်ရရှိသွားပြီဖြစ်သည်။

ဥရုဂွေးအသင်းသည် အိမ်ကွင်းပရိသတ်ရှေ့တွင် အကောင်းဆုံးခြေစွမ်းပြကစားခဲ့ကြပြီး ဥရုဂွေးနည်းပြဖြစ်သူ အော်စကာတာကာရက်ဇ်က လည်း လူးဝစ်ဆွာရတ်ဇ်နှင့် အက်ဒီဆင် ကာဗာနီကဲ့သို့သော တိုက်စစ်လက်နက်များကို အပြောင်းအလဲမရှိထည့်သွင်းအသုံးပြုကာ လိုအပ်နေသည့်ကမ္ဘာ့ဖလားဝင်ခွင့်လက်မှတ်တစ်စောင်အတွက် အနိုင်တိုက်နိုင်ခဲ့ပြီဖြစ်သည်။

ဥရုဂွေးအသင်းသည် ရှုံး/ထွက်ပွဲစဉ်များ ကစားကာ အနိုင်ရလဒ်ဆောင်ကြဉ်းနိုင်ခဲ့ခြင်းကြောင့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ခွင့်ရရှိခဲ့သည့် နိုင်ငံများစာရင်းတွင် နောက်ဆုံးနိုင်ငံဖြစ်လာခဲ့သည်။ လက်ရှိတွင် ဥရုဂွေးအသင်းသည် ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက် ဂျော်ဒန်အသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် ဒီဇင်ဘာ ၆ ရက်တွင် ကမ္ဘာ့ဖလားအုပ်စုပွဲစဉ် မဲခွဲဆုံးဖြတ်မည့်အစီအစဉ်တွင် ပါဝင်ခွင့်ရရှိတော့မည်ဖြစ်သည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမဌာနရမ်းထားပြီး ဌာနရမ်းသက်တမ်းပြည့်သော Myanmar Shopping Mall အဖြစ် ဖွင့်လှစ်ထားပြီး အဆောက်အအုံနှင့် ဂိုဒေါင်အဖြစ်အသုံးပြုသည့် အဆောက်အအုံတို့အား ဟိုတယ်လုပ်ငန်းနှင့်ဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် ဆောင်ရွက်လိုသောလုပ်ငန်းများကို သက်တမ်း(၅)နှစ်ဖြင့် ဌာနရမ်းလုပ်ကိုင်ဆောင်ရွက်ရန် စိတ်ဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရေး ခေါ်ယူအပ်ပါသည်-

Myanmar Shopping Mall အဖြစ်အသုံးပြုထားသော
(အလျား ပေ၁၀၀×အနံ ပေ၆၀၊ ၃ထပ်အဆောက်အအုံ)
အမှတ်(၁၄၃/၁၄၉)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်
Myanmar Shopping Mall ၏ ဂိုဒေါင်အဖြစ် အသုံးပြုထားသော
(အလျား ပေ၄၀×အနံ ပေ၅၀၊ ၃ထပ်သိုလှောင်ရုံ)
အမှတ်(၁၅၆/၁၅၈)၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်

ရန်ကုန်တိုင်းဒေသကြီး

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ရုံးအမှတ်(၃၃)၊ နေပြည်တော်တွင် တစ်စုံလျှင် (၂၀၀၀၀/-)ဖြင့် ဝယ်ယူနိုင် ပါသည်။

၃။ တင်ဒါစည်းမျဉ်းများအသေးစိတ်ကို အဆိုပါဝန်ကြီးဌာနရုံးဌ၌ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်(တနလ်ာနေ့) နံနက် ၁၀ နာရီတွင် ရှင်းလင်းပြောကြားမည်ဖြစ်ပြီး တင်ဒါစည်းကမ်းများကို လိုက်နာနိုင်သူများ၏ အဆိုပြုလွှာများအား အဆိုပါ ဝန်ကြီးဌာနရုံးဌ၌ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်(အင်္ဂါနေ့) နံနက် ၉း၃၀နာရီမှ ၁၂ နာရီအထိ လက်ခံသွားမည်ဖြစ်ပါသည်။ ထို့နောက် ၎င်းရက်နေ့ ၁၃း၃၀ နာရီတွင် တင်ဒါတင်သွင်းသူများ၏ ရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၆၁၀၃၊ ၄၀၆၁၀၅၅၊ ၄၀၆၁၀၆၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဟိုတယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

အငယ်တန်းသတင်းထောက်နှင့် စာပေလက်ထောက်-၂ ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်နှင့် မြန်မာ့သတင်းစဉ်(နိုင်ငံခြား) (Myanmar News Agency)တို့တွင် တာဝန်ထမ်းဆောင်ရန် အငယ်တန်းသတင်းထောက် (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူး(၁၀)နေရာနှင့် စာပေလက်ထောက်-၂ (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူး(၆)နေရာတို့အတွက် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(၁) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။
(၂) အသက်(၂၀)မှ (၃၀)နှစ်အတွင်း အမျိုးသား၊ အမျိုးသမီးများ လျှောက်ထားနိုင်သည်။
(၃) အငယ်တန်းသတင်းထောက် (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူးအတွက် B.A(Journalism)များ (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ မဟာဘွဲ့ရရှိသူများ၊ စာပေလက်ထောက်-၂ (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူးအတွက် နိုင်ငံခြားဘာသာတက္ကသိုလ်မှ English ဘွဲ့ရများ။
(၄) ဝန်ထမ်းဖြစ်ပါက ၃၁-၁၀-၂၀၁၃ ရက်တွင် အသက်(၃၅)နှစ်အတွင်း၊ သက်ဆိုင်ရာဌာနအကြီးအကဲ၏ခွင့်ပြုချက်နှင့် လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာများကို ၃၀-၁၁-၂၀၁၃ ရက် နောက်ဆုံးထား၍ ဒုတိယညွှန်ကြားရေးမှူး(စီမံ)၊ မန်နေဂျာ(စီမံ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ ပြန်ကြားရေးနှင်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

နေပြည်တော်၌ ရေးဖြေနှင့်လူတွေ့မေးမြန်းခြင်း ကျင်းပမည်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း







မုံရွာမြို့လယ်က ပေါ်ဦးရွှေဆိုင်ဟောက်ထွင်းခိုးယူသူဖမ်းမိ

မုံရွာ နိုဝင်ဘာ ၂၁

မုံရွာမြို့ ပေါ်ဦးရွှေဆိုင်မှ အောက်တိုဘာ ၉ ရက် ညပိုင်းက ဖောက်ထွင်းခိုးယူခံရသော ရွှေထည်ပစ္စည်း ၄၉၈ သိန်းဖိုးကို နိုဝင်ဘာလလယ်တွင် တမူးမြို့၌ ဖော်ထုတ်ဖမ်းဆီးရမိပြီဖြစ်ကြောင်း မုံရွာမြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူ၏ အတည်ပြုပြောပြချက်အရ သိရသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ပေါ်ဦးရွှေဆိုင်အမှုကိုဖော်ထုတ်ရာ ခိုးမှုဖြင့် အကြိမ်ကြိမ်ထောင်ကျဖူးသူဖြစ်ပြီး စစ်ဆေးချက်အရ ပေါ်ဦးရွှေဆိုင်မှ ခိုးယူကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများ ပြန်လည်ရရှိရေးအတွက် မန္တလေးခရိုင် ဒုစရိုက် အထူးနှိမ်နင်းရေးဌာနစိတ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့တို့မှ အသေးစိတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မုံရွာမြို့ရှိ ရွှေဆိုင်များသို့ အောက်တိုဘာ ၉ ရက်မတိုင်မီကတည်းက လှည့်လည်ကြည့်ရှုလေ့လာမှုပြုခဲ့ကြောင်း၊ ထိုသို့ကြည့်ရှုကာ ပေါ်ဦးရွှေဆိုင်ကို ခိုးမည်ဟုဆုံးဖြတ်ပြီး ညမှောင်သည်အထိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် အချိန်ဖြုန်းခဲ့ကြောင်း၊ ခိုးယူမည့်ညတွင် မိုးအနည်းငယ်ရွာကာ အေးသောရာသီဖြစ်သည်ကို အခွင့်ကောင်းယူ၍ ညမှောင်ချိန်တွင် ခိုးယူခဲ့ခြင်း ဖြစ်ကြောင်း၊ ခိုးယူသူသည် စီးလာသည့်ဆိုင်ကယ်ကို ပေါ်ဦးရွှေဆိုင်၏ ရှေ့နားတွင်ရှိသော အမှတ်(၁)ကျောင်း မြောက်ဘက်ထောင့်ရှိ အမှိုက်ပုံကြားဌ၌ ထိုးရပ်ထားခဲ့ပြီး ပေါ်ဦးရွှေဆိုင်၏နောက်ဖေးအိမ်မှ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း၊ ခိုးယူရာတွင် ပေါ်ဦးတိုက်နှင့် တစ်တန်းတည်းရှိ တောင်ဘက်မှတိုက်နှစ်တိုက်၏ အပေါက်များကို လွယ်လျှင်ခိုးမည်ဟူသောအကြံဖြင့် နောက်ဖေးပေါက်များကို စမ်းကြည့်ရာ မလွယ်ကူသဖြင့် ယခင်ပစ်မှတ်ထားရာ ပေါ်ဦးရွှေဆိုင်ကို ဖောက်ထွင်းခိုးယူခဲ့ကြောင်း၊ ထိုသို့ ခိုးယူရာတွင် သက်ဆိုင်ရာရဲများ သဲလွန်စရထားသော အလင်းပေါက်ကို ဓားဖြင့်ခွာကာ တိုး၍ဝင်ရောက်ခိုးယူခြင်းဖြစ်ကြောင်း၊ ခိုးယူရရှိသော ရွှေထည်များထဲမှ ဆွဲကြိုးနှစ်ကုံးကို မန္တလေးတွင် နေထိုင်သော ခိုးသူ၏ဇနီး အားပေးခဲ့ရာ အဆိုပါဆွဲကြိုးထဲမှ တစ်ကုံးကို လာရောက်ရောင်းချစဉ် မန္တလေးမှ သဲလွန်စရရှိကာ အဆိုပါအမျိုးသမီးကို ခေါ်ယူစစ်မေးရာမှ တရားခံကို တမူးမြို့ရှိ ဘဏ်တစ်ခုဌ၌ လွှဲငွေထုတ်ယူရန် ရောက်ရှိနေစဉ် ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း သိရသည်။

ပေါ်ဦးရွှေဆိုင်မှ ခိုးယူသွားသောရွှေများ ပြန်လည်ရရှိရန်နှင့် အခြားခိုးမှုများ အမြန်ပေါ်ပေါက်ရန်အတွက် ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းမပေါ်တွင် စည်းကမ်းမဲ့ရပ်တန့်ထားသော အင်္ဂ၊းယာဉ်(Taxi)တစ်စီးအား ကရိန်းယာဉ်ဖြင့် ဖယ်ရှားသယ်ယူနေသည်ကို တွေ့ရစဉ်။ ဇော်ကြီး(ပဏာမ)

ထော်လာဂျီယာဉ်တိမ်းမှောက်၊ တစ်ဦးသေ၊ ၂၃ ဦး ဒဏ်ရာရ

ရပ်စောက် နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဖောင်းတောအုပ်စု နောင်ခမ်းကျေးရွာ ရွှေအင်တောင်ဘုရားပွဲမှ ဘုရားဖူး ခရီးသည် ၃၀ ခန့် တင်ဆောင်လျက် ယာဉ်မောင်း သားငယ်(ခ)ဇော်နိုင်ဝင်း (၃၀)နှစ် ရပ်စောက်မြို့နယ် ဖောင်းတောအုပ်စု တိုးနီကျေးရွာနေသူ မောင်းနှင်လာသည့် ထော်လာဂျီယာဉ် (အပြာရောင်) ယာဉ်အမှတ် (စိစစ်ဆဲ)သည် နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရပ်စောက်မြို့မရဲစခန်း၏ အနောက်မြောက်ဘက် ဒုနစ်မိုင်ခန့်အကွာ ရပ်စောက်မြို့နယ် ဟင်းခါးကုန်းကျေးရွာ အမကစာသင်ကျောင်းအကွေ့အရောက်၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါ မဆောင်းနှင်းဖြူ (၄)နှစ် တိုးနီကျေးရွာနေသူမှာ ဦးခေါင်းဘယ်ဘက် ပွင့်ထွက်ဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့ပြီး ကျန် ၂၃ ဦးမှာ ဒဏ်ရာများ အသီးသီး ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဒဏ်ရာရရှိသူ ၂၃ ဦးမှာ ဟင်းခါးကုန်းကျေးရွာနေသူများဖြစ်ပြီး ဒဏ်ရာပြင်းထန်စွာရရှိသူ ၁၀ ဦးမှာ စိုးရိမ်ရသည့် အခြေအနေရှိသဖြင့် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ခဲ့ကြောင်းနှင့် ယာဉ်မောင်းနှင်သူ သားငယ်(ခ)ဇော်နိုင်ဝင်းအား ရပ်စောက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုင်းတင်ဦး (ရှမ်း/တောင်)

လုံခြုံရေးတာဝန်ကျ ရဲတပ်ဖွဲ့ဝင်နှစ်ဦး အကြောင်းမဲ့အရိုက်ခံရ

မန္တလေး နိုဝင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်တွင် နယ်မြေအတွင်း ဥပဒေမဲ့ပြုလုပ်မှုများ မဖြစ်ပေါ်စေရေး တာဝန်ထမ်းဆောင်နေသော တာဝန်ကျ ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား အသက် (၂၀) ကျော် လူငယ်နှစ်ဦးက အကြောင်းမဲ့ ဝင်ရောက်ရိုက်နှက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၇ ရက် (တနင်္ဂနွေမနက်လပြည့်နေ့) ည ၁၁ နာရီခန့်က နယ်မြေအတွင်း ဥပဒေမဲ့ပြုလုပ်မှုများ မဖြစ်ပေါ်စေရေးအတွက် (၂၆×စ၀) ကျူးထောင့်၌ အောင်မြေသာစံမြို့မရဲစခန်းမှ တာဝန်ထမ်းဆောင်နေသော တာဝန်ကျရဲတပ်ဖွဲ့ဝင် ရဲတပ်ကြပ်ကြီး တင်စိန်နှင့် ရဲတပ်သားဝေယံစိုးတို့ နှစ်ဦးရှေ့တွင် အသက် (၂၀)ကျော် လူငယ်နှစ်ဦးက ဆိုင်ကယ်အားရပ်ပြီး ဆိုင်ကယ်လီဘာကို အကုန်ဆွဲကာ အိတ်ဇောသံကို ကျယ်လောင်စွာ ပြုလုပ်နေခြင်း၊ ဆူညံစွာ အော်ဟစ်နေခြင်းနှင့် ပတ်ဝန်းကျင် စိတ်အနှောင့်အယှက်ဖြစ်အောင် ပြုလုပ်နေသဖြင့် တာဝန်ကျတပ်ဖွဲ့ဝင်နှစ်ဦးမှ တာဝန်အရ သွားရောက်ပြီး တားမြစ်ပြောဆိုခဲ့ရာ အဆိုပါ လူငယ်နှစ်ဦးမှာ (၂၆)လမ်းအတိုင်း အနောက်ဘက်သို့ ဆိုင်ကယ်မောင်းထွက်သွားကြကြောင်း၊ မိနစ် ၂၀ ခန့်ကြာသောအခါ ၎င်းတို့နှစ်ဦးမှာ တုတ်များကိုင်ဆောင်၍ ပြန်လည်ရောက်ရှိလာပြီး အကြောင်းမဲ့သက်သက် တာဝန်ကျ ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား အသင့်ကိုင်ဆောင်ထားသော တုတ်များဖြင့် ဝင်ရောက်ရိုက်နှက်ခဲ့သဖြင့် ရဲတပ်ကြပ်ကြီးတင်စိန်၏ ဘယ်ဘက်လက်နှင့် တံတောင်တို့တွင် ဖူးရောင်ဒဏ်ရာများရရှိခဲ့ပြီး ရဲတပ်သားဝေယံစိုးတွင် ဝဲ၊ ယာ လက်ဖျံနှစ်ဖက် ဖူးရောင်ဒဏ်ရာများ၊ ဦးခေါင်းဝဲ၊ ယာချိုဆောင်းနှစ်ဖက်နှင့် ယာနားထင် ပေါက်ပြဒဏ်ရာများ ရရှိခဲ့သဖြင့် အနီးရှိ ဆက်သွယ်ရေးလုံခြုံရေးတာဝန်ကျ ဒုရဲအုပ်ကျော်လင်းထက်နှင့်အဖွဲ့၊ နယ်မြေလှည့်ကင်း တာဝန်ဆောင်ရွက်နေသော နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်လင်းဦးအဖွဲ့တို့နှင့်အတူ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်ဦး၊ ဆယ်အိမ်စုမှူး ဦးသက်နိုင်တို့အဖွဲ့က အဆိုပါ လူငယ်နှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ လူငယ်နှစ်ဦးမှာ ဖြိုးဝေ (၂၆)နှစ်နှင့် မျိုးမင်းထွန်း(ခ)လှော်ကြီး (၂၄)နှစ် (စ)ရပ်ကွက် အောင်ပင်လယ်နေသူ နှစ်ဦးတို့ဖြစ်ကြောင်း သိရှိရပြီး မင်းမဲ့စရိုက်ဆန်စွာ တာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား အကြောင်းမဲ့ဝင်ရောက်ရိုက်နှက်ကာ ဥပဒေမဲ့ပြုလုပ်ခဲ့သဖြင့် အဆိုပါ လူငယ်နှစ်ဦးအား အောင်မြေသာစံ မြို့မရဲစခန်းက (၀) ၅၉၈/ ၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၃၃ အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ဇော်မျိုးနိုင်)**

lenovo Smartphone & Tablet
LENOVO
KMD
Smartphone နှင့် Tablet
RUBY
COHABO 70000
JADE
Dream Paradise
PHILIP KOTLER
First Time In Myanmar
Myanmar Marketing Forum 2014
Normal Price
Happy Hours Price
aksa
သင့် အနာဂတ်ရဲ့ စွမ်းအင်
PT International Company Limited.
Tel: 09 45 002 3419, 01 855 1093, 02 515 5020
POWER YOUR FUTURE

လေးမျက်နှာမြို့-အထက၊ အလက မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

ရောဝတီတိုင်းဒေသကြီး၊ ဟသ်တခရိုင်၊ လေးမျက်နှာမြို့-အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်းမှ (အသက်၆၀)နှစ်ပြည့်ပြီး ဆရာကြီး၊ ဆရာမကြီးများအား ပဋ္ဌမအကြိမ် ပူဇော်ကန်တော့ပွဲကို ၂၈-၁၂-၂၀၁၃ ရက် (စနေနေ့) နံနက်တွင် လေးမျက်နှာ-အထကဌ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့် ကျောင်းသား၊ ကျောင်းသူအပေါင်း သိရှိစေရန် ကြေညာအပ်ပါသည်။ အလျှဝေငွေများကို ဒေါ်ကြင်ဝ ၀၄၄-၄၈၀၅၇၊ ဦးမြင့်သိန်း ၀၉-၄၅၁၂၃၉၂၆၊ ဦးထွန်းအောင် ၀၉-၅၁ဂ၇၉၅၈၊ ဦးတင်နိုင်လင်း ၀၉-၅၂၀၈၂၂၈၊ ဦးမြသိန်း ၀၉-၄၂၀၉၄၄၇၉၊ ဒေါ်ညွန့်ညွန့်ဦး ၀၉-၇၃ဝ၁၂၉၆၉၊ ဦးအောင်မြတ်ကျော် ၀၉-၈၅၈ဝ၅ဝ၇၊ ဦးဇော်မင်းထွန်း ၀၉-၅ဝ၅ဝ၇၈၉ တို့ထံ ဖေးဖို့လျှာခါန်းနိုင်ပါသည်။ အထက၊ အလကတွင် တာဝန်ထမ်းဆောင်ခဲ့၍ အသက်(၆ဝ)နှစ်ပြည့် ဆရာကြီး၊ ဆရာမကြီးတို့ထံ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားလျက် ဖိတ်ကြားအပ်ပါသည်။ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ၂၇-၁၂-၂၀၁၃ ရက် ညနေ ၆ နာရီ မိတ်ဆုံစားပွဲအဓိ ကြွရောက်ပါရန်။

မြတ်ဆရာပူဇော်ပွဲကျင်းပရေးအဖွဲ့
လေးမျက်နှာမြို့

သုဓမ္မာဇရပ်တော် ပြန်လည်တည်ဆောက်

မန္တလေး နိုဝင်ဘာ ၂၁

မန္တလေးမြို့ မြို့တည်နန်းတည် ခုနစ်ဌာနတွင် အပါအဝင်ဖြစ်ပြီး စစ်အတွင်းကာလက ပျက်စီးပျောက်ကွယ်သွားပြီဖြစ်သော သုံးဌာနဖြစ်သည့် ပဌာန်းမဟာသိမ်တော်ကြီး၊ သုဓမ္မာဇရပ်တော်နှင့် ပိဋကတ်တိုက်တော် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သုဓမ္မာဇရပ်တော်နှင့် ပဌာန်းမဟာသိမ်တော်တည်ဆောက်ရေးလုပ်ငန်းတွင် အမာခံကွန်ကရစ်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အမိုးလုပ်ငန်းအတွက် အမိုးဒိုင်းတင်ခြင်း၊ မြားတန်းတပ်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သုဓမ္မာဇရပ်တော်နှင့် ပဌာန်းမဟာသိမ်တော်ကြီး အဆောက်အအုံများမှာ ဘုံသုံးဆင့်ပါ အဆောက်အအုံဖြစ်ပြီး တိုင်လုံးပေါင်း ၈၈ လုံး ပါဝင်ကာ အမြင့်ဆုံးတိုင်မှာ ပေပေါင်း ၆၀ နီးပါး မြင့်သည်။ အဆိုပါအဆောက်အအုံများတွင် တပ်ဆင်ရန် သစ်သားမြန်မာမှုအနုလက်ရာများကိုလည်း သက်ဆိုင်ရာပညာရှင်များနှင့် ရှေးမူလက်ရာအတိုင်းဖြစ်ရန် အပ်နှံဆောင်ရွက်ထားရာ ၂၀၁၄ ခုနှစ် ဧပြီလတွင် လုပ်ငန်းများပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ပဌာန်းမဟာ သိမ်တော်ကြီး၊ သုဓမ္မာဇရပ်တော်နှင့် ပိဋကတ်တိုက်တော်များ၏ တစ်ဦးတည်းအလှူရှင် ဦးကျော်ကျော်ဝင်းက မန္တလေး နှစ် ၁၀၀ ပြည့်ကျင်းပစဉ်ကာလနှင့် နှစ် ၁၅၀ ပြည့်ကာလ ကျင်းပစဉ်က မြို့တည်နန်းတည်ခုနစ်ဌာန မပြည့်စုံခဲ့သော်လည်း နောင်နှစ် ၂၀၀ ပြည့် ကျင်းပမည့်အချိန်တွင် ပြည့်ပြည့်စုံစုံဖြစ်မည်ဖြစ်၍ ဝမ်းသာကြည်နူးမိကြောင်း ပြောကြားသည်။ **အေးမြ(မန္တလေး)**

အနွေးထည်အင်္ကျီ၊ အားကစားဘောင်းဘီများ သာစည်မြို့မဈေးကြီးတွင် ရောင်းအားကောင်း

မိတ္ထီလာ နိုဝင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး သာစည်မြို့ မြို့မဈေးကြီးကို ငါးရက်လျှင် တစ်ရက် ဈေးကြီးနေ့အဖြစ် သတ်မှတ်ပြီး ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဈေးကြီးနေ့များတွင် အနွေးထည် ဆွယ်တာအင်္ကျီ၊ အားကစားဝတ်ဘောင်းဘီအရှည်၊ ခြေအိတ်၊ လက်အိတ်နှင့် ခေါင်းစွပ်အနွေးထည်များ ရောင်းအားကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ဆောင်းရာသီ ရောက်ရှိလာပြီဖြစ်တဲ့အတွက် အနွေးထည်ဆွယ်တာအင်္ကျီ အားကစားဝတ်ဘောင်းဘီအရှည်များ၊ ခြေအိတ်၊ လက်အိတ်နှင့် ခေါင်းစွပ် အနွေးထည်များကို ဝယ်ယူသူတွေ များပြားလာတာပါ။ အနွေးထည်ဆွယ်တာအင်္ကျီတစ်ထည်လျှင် ၂၀၀၀ နှုန်း၊ အားကစားဝတ်ဘောင်းဘီအရှည်တစ်ထည်လျှင် ၁၅၀၀ နှုန်းဟု မြို့မဈေးကြီးအပေါက်ဝတွင် အော်ဟစ်ရောင်းချပေးပါတယ်။ ရောင်းချတဲ့ဈေးနှုန်းက အခြေခံလူတန်းစားများနဲ့ သင့်တော်တဲ့ ဈေးနှုန်းအနေအထားဆိုတော့ ဝယ်ယူသူများပြားပြီး ရောင်းအားကောင်းမွန်ပါတယ်။ မိတ္ထီလာမြို့နယ် သဖန်းကျေးရွာမှချုပ်သည့် အနွေးထည်များကလည်း တစ်ထည်လျှင် ၂၀၀၀ မှ ၄၀၀၀ ကြား အစားစားရှိပြီး အရည်အသွေးကလည်း ကောင်းမွန်တာကြောင့် သဖန်းချုပ် အနွေးထည်များကလည်း ရောင်းအားကောင်းပါတယ်"ဟု အနွေးထည်ရောင်းချသူတစ်ဦးက ပြောကြားသည်။

"ရောင်းချသူများရဲ့ အော်ဟစ်ရောင်းချသံ များကလည်း ဈေးဝယ်လာသူများကို ဝယ်ယူချင်သဖွယ် ဖြစ်အောင် ဆွဲဆောင်မှုရှိတော့ အိမ်ရှင်မများအနေဖြင့် အသားငါး၊ ဟင်းသီးဟင်းရွက် ဝယ်ယူမည့် ဈေးဖိုးထဲမှ ဆောင်းရာသီအတွက် မရှိမဖြစ်လိုအပ်တဲ့ အနွေးထည်များ ဝယ်ယူကြပါတယ်"ဟု ဈေးဝယ်လာသူ အမျိုးသမီးကြီးတစ်ဦးမှ ပြောကြားသည်။ သာစည်မြို့ မြို့မဈေးကြီးဈေးပေါက်တွင် ဘေထုပ်ရောင်းချသူများ၏ အော်ဟစ်ရောင်းချသံများကလည်း ဈေးဝယ်လာသူအိမ်ရှင်မများကို ဝယ်ယူချင်စိတ်ဖြစ်ပေါ်လာအောင် ဆွဲဆောင်မှုရှိသဖြင့် ဘေထုပ်အရောင်းဆိုင်များတွင်လည်း ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မျိုးမင်း(သာစည်)

စည်းကမ်းမဲ့မောင်းနှင်နေသည့် ကျောက်သယ်ယာဉ်များအား ထိန်းသိမ်းရန်လိုအပ်နေ

မန္တလေး နိုဝင်ဘာ ၂၁

ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာဝန်းကျင်ရှိ ကျောက်ထုတ်လုပ်ရေးစခန်းများမှ ဆောက်လုပ်ရေးလုပ်ငန်းသုံး ကျောက်အမျိုးမျိုးသယ်ဆောင်မောင်းနှင်နေကြသည့် ကျောက်သယ်ထွေလာဂျီယာဉ်များမှာ တစ်စီးနှင့်တစ်စီး အပြိုင်အဆိုင် ကျော်တက်မောင်းနှင်ခြင်းများ ပြုလုပ်နေကြသည့်အတွက် ထုံးဘို-မန္တလေးလမ်းတစ်လျှောက်တွင် သွားလာနေကြသည့် ပြည်သူများအသက်အန္တရာယ်အတွက် စိုးရိမ်ကြောင့်ကြမှုများ ကြုံတွေ့နေကြရကြောင်း သိရသည်။

အဆိုပါ ကျောက်သယ်ယာဉ်များသည် ၁၆ မိုင်အနီး အုန်းချောကျေးရွာဝန်းကျင် ကျောက်ထုတ်လုပ်ရေးများမှ ဆောက်လုပ်ရေးလုပ်ငန်းသုံးခဲကျောက်အမျိုးမျိုးကို တင်ဆောင်ကာ မန္တလေးမြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ နေ့စဉ်ပို့ဆောင်နေကြသည်။ ထုံးဘို-မန္တလေးလမ်းမကြီးအတိုင်း နေ့စဉ်မောင်းနှင်သယ်ပို့လျက်ရှိရာ ကျောက်သယ်ထွေလာဂျီအချို့သည် တစ်စီးနှင့်တစ်စီး အပြိုင်အဆိုင် အလုအယက် ဒလကြမ်းမောင်းနှင် ကျော်တက်ခြင်းများ ပြုလုပ်လျက်ရှိရာ လမ်းသွားလမ်းလာအနေဖြင့် ထိခိုက်အန္တရာယ်ဖြစ်ပွားမည်ကို စိုးရိမ်နေကြရကြောင်း သိရသည်။

"ကျောက်သယ်ထွေလာဂျီမောင်းတဲ့လူတွေ ယာဉ်မောင်းလိုင်စင်ရှိလား၊ မရှိလားတော့ မသိဘူး။ မောင်းတာတော့ တော်တော်ကိုကြမ်းတယ်။ ကားနှစ်စီးယှဉ်ပြီး လမ်းအပြည့် မောင်းကြတယ်။ အရှိန်မလျှော့ဘဲ ဒလကြမ်းမောင်းကြတော့ တစ်ခါတစ်ခါ ကျောက်တုံးတွေက အောက်ကိုစင်ကျတာတွေရှိတယ်။ ကျောက်သယ်ယာဉ် မောင်းတဲ့သူတွေကို ယာဉ်မောင်းလိုင်စင် ရှိ/မရှိ စိစစ်ပြီး လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းနဲ့အညီ မောင်းနှင်ခွင့်ပြုဖို့လိုနေပြီ"ဟု အဆိုပါလမ်းပိုင်းတွင် နေထိုင်သူတစ်ဦးက ပြောပြသည်။

မန္တလေး-ထုံးဘိုလမ်းပိုင်းသည် ပြင်ဦးလွင်မြို့သို့ သွားလာသည့် လမ်းပိုင်းဖြစ်ပြီး နေ့စဉ် ပြင်ဦးလွင်၊ နောင်ချို၊ သီပေါ၊ ကျောက်မဲ၊ လားရှိုး၊ မူဆယ်စသည့်ဒေသများမှ ခရီးသည်တင်ယာဉ်များ ပြေးဆွဲသွားလာနေသည့်လမ်းဖြစ်သည်။ အဆိုပါ လမ်းတစ်လျှောက်တွင် ထုံးဘို၊ လက်ကောင်း၊ သမ္မတော၊ အောင်ပင်လယ်စသည့် ကျေးရွာများရှိသည်ဟု သိရသည်။ ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရန် စည်းကမ်းမဲ့မောင်းနှင်မှုပြုလုပ်နေကြသည့် ကျောက်သယ်ယာဉ်များအား အရေးယူသင့်ကြောင်း ပြောဆိုလျက်ရှိသည်။

(နန္ဒာမင်းလွင်)

အစိုးရကြော်ငြာ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုလယ်ယာဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်အပိုပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၈-၁၁-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃-၁၂-၂၀၁၃ရက်၊ ၁၆း၃၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၃၁၂၄၂၊ ၄၃၁၂၄၃ သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ စက်မှုလယ်ယာဦးစီးဌာန
ရုံးအမှတ်(၅၀)၊ နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ပြုပြင်ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တရားဝင်အသိအမှတ်ပြု (လိုင်စင်ရအဖွဲ့အစည်း၊ ကုမ္ပဏီ)ကန်ထရိုက်တာများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

(က) OT Complex,Imaging Complex များပါဝင်သည့် တိုးချဲ့ငါးထပ်ဆောင် တည်ဆောက်ခြင်း
(ခ) Cyclotron Pet-CT ထားရှိရန် တိုးချဲ့အဆောက်အအုံတည်ဆောက်ခြင်း
(ဂ) အစာအိမ်နှင့်အူလမ်းကြောင်းဆေးကုသဆောင် အကြီးစားမွမ်းမံပြင်ဆင်ခြင်း
(ဃ) ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း Car Parking ခင်းခြင်း၊ Landscaping နှင့် Lamp-post ဆောင်ရွက်ခြင်း၊ အဆောင်အချို့အား ဆေးသုတ်ခြင်း
(င) ပင်မဆောင်နှင့် ဦးနှောက်နှင့်အာရုံကြော ကုသဆောင်ခြံစည်းရိုးများ ဆေးသုတ်မွမ်းမံခြင်း
(စ) ဆေးရုံကြီးဝင်းအတွင်း Drainage နှင့် Apron များဆောင်ရွက်ခြင်း
(ဆ) ပင်မဆောင်နှင့် နှလုံးကုသဆောင်တို့၏ Waste Line Sanitation များပြုပြင်ခြင်း
(ဇ) အနော်ရထာလမ်းဘက်ရှိ ပျက်စီးနေသော အုတ်တံတိုင်းအား ပြန်လည်တည်ဆောက်ခြင်း
(ဈ) လျှပ်စစ်လိုင်းများအား ဖြည့်တင်းသွယ်တန်းခြင်းလုပ်ငန်း

၂။ အဆိုပါလုပ်ငန်းများနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းရယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် -၁၈-၁၁-၂၀၁၃ရက် (တနင်္လာနေ့)
အိတ်ဖွင့်တင်ဒါများပိတ်မည့်ရက် -၁၇-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) ၁၆း၀၀နာရီ

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့၏ တောင်ဘက် (၂၀)မိုင်ခန့်အကွာ၊ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ 33 KV Transmission Line and Substation in EPC/Turnkey Basis for Construction Power တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံအရောင်းပိတ်ရက် - ၃-၁၂-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီ
တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၀-၁၂-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက် (၁၄) မိုင်ခန့်အကွာ၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်သွားမည့် မြေကြီးကျောက်သားတူးဖော်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံအရောင်းပိတ်ရက် - ၂၅-၁၁-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ
Company Profile အပါအဝင် - ၄-၁၂-၂၀၁၃ ရက်၊ ၁၆း၃၀နာရီ
Technical Proposal နောက်ဆုံးထား၍
တင်သွင်းရမည့်ရက်

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက် (၁၄) မိုင်ခန့်အကွာ၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်သွားမည့် တမံဖို့ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံအရောင်းပိတ်ရက် - ၂၅-၁၁-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ
Company Profile အပါအဝင် Technical - ၄-၁၂-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ
Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်

